ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (25-9-2007) (၅၄၅၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဂန္ထဓုရ၊ ဝိပဿနာဓုရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်/ကျေးသံဃနာယက အဖွဲ့များက ကြီးကြပ်ဆောင်ရွက် လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက် ဆောင်ရွက်ခြင်း မပြုမိကြစေရန်အတွက် ဆရာတော်ကြီးများထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ်(၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)တို့အတိုင်းလိုက်နာ

ရန်ကုန် စက်တင်ဘာ ၂၄

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဂန္ထဓုရ၊ ဝိပဿနာဓုရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်/ကျေးသံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့်အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသတို့က စက်တင်ဘာ ၂၄ ရက် နေ့စွဲဖြင့် ညွှန်ကြားလွှာအမှတ်(၉၃)ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

အဆိုပါ ညွှန်ကြားလွှာအမှတ်(၉၃) အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

စာအမှတ်၊ ၃၀၀/၁၅/(သာ–ဝိ) သာ–မဟန
ရက်စွဲ၊ ၁၃၆၉–ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်
(၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်)

ညွှန်ကြားလွှာအမှတ်(၉၃)

အကြောင်းအရာ။ သာသနာ့ဝန်ထမ်းရဟန်းသာမဏေများ ဂန္ထဓုရ၊ ဝိပဿနာဓုရကိုသာ အားထုတ်ကြရေးအတွက် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်/ကျေး သံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ပေးကြရန် ညွှန်ကြားခြင်း။

၁။ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂–ခုနှစ်၊ နယုန်လ (၁၉၈၀–ပြည့်နှစ်၊ မေလ)၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော် (၁)သိန်းကျော်တို့၏ကိုယ်စား သမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၂၁၈)ပါးတို့တက်ရောက်၍ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများကို အတည်ပြုဆုံးဖြတ်တော်မူခဲ့ကြပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကျောင်းထိုင်ဆရာတော်များ၊ ကျောင်းတိုက်နာယက ဆရာတော်များသည် မိမိတို့တပည့်ရဟန်းသာမဏေများအား တရားမဝင်သံဃာ့အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြရန် ဆုံးမသြဝါဒပေး

ရန်ကုန် စက်တင်ဘာ ၂၄

ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)တို့မှာ အောက်ပါအတိုင်းဖြစ်သည်–

စာအမှတ်၊ ၂၁၂/၄/သာ–မဟန
ရက်စွဲ၊ ၁၃၅၂–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်
(၁၉၉၀–ပြည့်နှစ်၊ နိုဝင်ဘာလ ၅–ရက်)

ညွှန်ကြားလွှာအမှတ် (၈၁)

အကြောင်းအရာ။ ။သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားခြင်း။

၁။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းခဲ့၍ ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေ ဟူသမျှသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်၌ သီတင်းသုံးနေထိုင်ကြရမည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းထိုင် ဆရာတော်များ၊ ကျောင်းတိုက် နာယကဆရာတော်များသည် မိမိတို့၏တပည့်ရဟန်းသာမဏေများအား သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၉-၂၀၀၇
(အင်္ဂါနေ့)

အားကစားဖြင့် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ဖွဲ၊ လုံ့လအားမာန်အပြည့်ဖြင့် ဆက်လက်ကြိုးပမ်း

နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာလာရေး ဖန်တီးဖော်ဆောင်ပေးနေသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်အတူ အမျိုးသားအားကစား အဆင့်အတန်းသည်လည်း မြင့်မားတိုးတက်လာကြောင်း တွေ့ရသည်။

နိုင်ငံတော်က မြန်မာ့အားကစား မြှင့်တင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အားကစားဝါသနာရှင် ပြည်သူတစ်ရပ်လုံးကလည်း တစ်ခဲနက် အားပေးချီးမြှောက်လျက်ရှိသည်။ အားကစားနည်းများအနက် ဘောလုံးအားကစားကို တစ်မျိုးသားလုံးက ပိုမိုနှစ်သက် အားပေးကြသည်ကို တွေ့ရသည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် တတိယအကြိမ် အာဆီယံ တံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းက တံခွန်စိုက်အောင်နိုင်ဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအနေဖြင့် အာဆီယံ အမျိုးသမီး ဘောလုံးချန်ပီယံဆုကို သုံးနှစ်အတွင်း ဒုတိယအကြိမ် ဆွတ်ခူးရရှိခြင်းပင်ဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၉၉၅ ခုနှစ် (၁၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု၊ (၁၉)ကြိမ်မြောက်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆု၊ (၂၁)ကြိမ်မြောက်ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆု၊ (၂၂)ကြိမ်မြောက်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် (၂၃)ကြိမ်မြောက်ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုအသီးသီးကို ဆက်တိုက်ဆွတ်ခူးရရှိခဲ့သည်။

ယခုအခါ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အာဆီယံအဆင့် ပြိုင်ပွဲများတွင် တံခွန်စိုက်အောင်နိုင်မှု ဆုတံဆိပ်များကို ဆွတ်ခူးရရှိလာသည့်အတွက် နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ပြီး ပြည်သူတစ်ရပ်လုံးကလည်း ဝမ်းသာကြည်နူး ချီးကျူးအားပေးလျက်ရှိပေသည်။

ယင်းသို့ နိုင်ငံတကာအဆင့် အားကစားအောင်နိုင်ဆု ဆွတ်ခူးရရှိခြင်းသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို အမျိုးသားရေးအားမာန် နိုးကြားထက်သန်စွာ မြှင့်တင်နိုင်ခြင်းဖြစ်သည့်အပြင် မြန်မာ့အားကစား အဆင့်အတန်း မြင့်မားထည်ဝါမှုဂုဏ်ဒြပ်ကို ဖော်ညွှန်းပြသခြင်းလည်းဖြစ်သည်။ နိုင်ငံတော်၏ ဂုဏ်ပြုချီးမြှောက်ဖြည့်ဆည်းပေးမှု၊ ပြည်သူတစ်ရပ်လုံး၏ လှိုက်လှိုက်လှဲလှဲ အားပေးနေမှုများနှင့်အတူ အားကစားသမားများက အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ဖွဲ၊ လုံ့လ၊ ဝီရိယအားမာန် အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိ စေတီတော်မြတ်ပုံစံတူ တည်ဆောက်ဆဲဖြစ်သော ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅) လမ်းနေ ကိုရဲဇော်သူ-မသော်တာဝင်း၊ သမီး သီရိနိုင် မိသားစုက အလှူငွေကျပ် တစ်သိန်းကိုလှူဒါန်းရာ အမှုဆောင်ဆရာတော်များဖြစ်သော အရှင်တေဇိန္ဒ (Ph.D) (Thesis) (မဇ္ဈိမာစရိယ) (ဗုဒ္ဓဂယာ)နှင့် အရှင်သီလက္ခန္ဓ (Ph.D) (Thesis) (ဗုဒ္ဓဂယာ)တို့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်းအာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၄

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် မန္တလေးတိုင်း အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ၁ ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကား ပြောကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တိုင်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဆုများချီးမြှင့်ပေးအပ်ရာ အထက်တန်းအဆင့်တွင် ပထမဆုရ ပြင်ဦးလွင်မြို့နယ် အထက (၂)မှ နဝမတန်းကျောင်းသူ မဆုမြတ်မွန်ဦး၊ ဒုတိယဆုရ မဟာအောင်မြေမြို့နယ် အထက (၁၃)မှ အဋ္ဌမတန်းကျောင်းသူ မနန္ဒာဖြိုး၊ တတိယဆုရ ကျောက်ပန်းတောင်းမြို့နယ် အထက (၁)မှ နဝမတန်းကျောင်းသူ မခင်လှသူဇာတို့ကလည်းကောင်း၊ အလယ်တန်းအဆင့်တွင် ပထမဆုရ ပြင်ဦးလွင်မြို့နယ် အထက (၂)မှ သတ္တမတန်းကျောင်းသူ ယွန်းပိုးအိမ်၊ ဒုတိယဆုရ ကျောက်ပန်းတောင်းမြို့နယ် အထက-(၂)မှ ဆဋ္ဌမတန်းကျောင်းသူ မသော်တာနိုင်၊ တတိယဆုရ ချမ်းမြသာစည်မြို့နယ် အလက (၅)မှ ပဉ္စမတန်းကျောင်းသူ မအိစံမိုးတို့ကလည်းကောင်း၊ မူလတန်းအဆင့်တွင် ပထမဆုရတံတားဦးမြို့နယ်အထက(တံတားဦး)မှ စတုတ္ထတန်းကျောင်းသား မောင်ဒီရဲနိုင်ထက်၊ ဒုတိယဆုရ နွားထိုးကြီးမြို့နယ်၊ အမက(မြို့ရှေ့)မှ စတုတ္ထတန်းကျောင်းသူ မဆုနန္ဒာထွန်း၊ တတိယဆုရ ပျော်ဘွယ်မြို့နယ် အမက-(၂)မှစတုတ္ထတန်းကျောင်းသူ မစန္ဒီဝင်းထူးတို့ကလည်းကောင်း ဆုများအသီးသီး လက်ခံရယူကြသည်။

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တိုင်းအဆင့် တန်ဖိုးနည်းအာဟာရပြည့် သရုပ်ပြချက်ပြုတ်ပြသပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆားလက်ကား ဆိုင်များက ဆား၁၁၂၅ပိဿာလှူဒါန်းခြင်းအတွက် တိုင်းမှူး၏ဇနီးက အလှူရှင် ဆားလက်ကားဆိုင်ရှင်များကိုယ်စား အလှူရှင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးသည် အသက်ခြောက်လမှငါးနှစ်အောက် ကလေးများကို ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကစားစရာအရုပ်များ ပေးဝေသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးအဖွဲ့သည် ကိုယ်ဝန်ဆောင်မိခင်များကို သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဝမ်း ဆေးပြားများ လိုက်လံပေးဝေပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ တိုင်းမှူး ဇနီးနှင့်အဖွဲ့သည် ခန်းမအတွင်း ပြသထားသော ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ၊ ရောဂါကာကွယ်စေသောအစားအစာများ၊ အင်အားဖြစ်စေသော အစားအစာများ၊ အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်းအာဟာရဓာတ်ပါဝင်မှုအရည်အသွေးစစ်ဆေးခြင်းတို့နှင့် မန္တလေးတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသော အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားရေးမှု၊ မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ဦးအုန်းခိုင်လမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးတင်လွန်း(SE စားသောက်တွဲကန်ထရိုက်တာ) နှင့် မိခင်ကြီး ဒေါ်ခင်ထွေး (မိုးကုတ်ကျောင်းအမ)တို့အား ရည်စူး၍ သား ဦးတင်မောင်ထွေး-ဒေါ်ခင်ဆွေဦး၊ မောင်ဇော်ကိုကို၊ မောင်သက်ကိုကို မိသားစုက ငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပခုက္ကူ ဘိုးဘွားရိပ်သာ၌ ဗိမာန်တော် တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၄

ပခုက္ကူမြို့ ဘိုးဘွားရိပ်သာအတွင်း၌ ဘုရား၊ ရဟန္တာများ ကိန်းဝပ်ရာ တေဒဂ်ဗိမာန်တော်ကြီးတစ်ခု တည်ဆောက်မည်ဖြစ်ရာ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်သည်။ စေတနာရှင်များအနေဖြင့် ပခုက္ကူမြို့ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း-၀၆၂-၂၁၁၇၃ အမည်ဖြင့် ငွေလွှဲစာဖြင့်လည်းကောင်း၊ ဦးမင်းသွင်(ဘိုးဘွားရိပ်သာနာယက) ဖုန်း-၀၁-၆၆၄၀၄၃၊ ဦးမျိုးဆန်း ဖုန်း-၀၁-၃၈၃၈၅၇၊ ဦးမင်းဆွေ(ပခုက္ကူအသင်းဥက္ကဋ္ဌ) ဖုန်း-၀၂-၃၂၈၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်ရှိ ကွန်ကရစ်လမ်းမကြီးများပေါ်တွင် သံဘီးတပ် ယာဉ်များ တက်ရောက်မောင်းနှင်ပါက လမ်းမကြီးပျက်စီးမှုများနှင့် မလိုလားအပ်သော ယာဉ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် ကွန်ကရစ် လမ်းမကြီးများပေါ်၌ သံဘီးတပ်ယာဉ်များ၊ မြင်းလှည်း၊ နွားလှည်းများ ဖြတ်သန်းမောင်းနှင်ခြင်း မပြုကြရန်တားမြစ်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆေးတက္ကသိုလ်(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်ဆေးတက္ကသိုလ်(၁) ၁၉၇၁-၇၉ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် တာမွေမြို့နယ် မဟာသန္တိသုခ ကျောင်းတော်ကြီး၌ ပြုလုပ်မည်ဖြစ်ပြီး မိတ်ဆုံစားပွဲများကို နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက် ညနေ ၆ နာရီ၌ ဟိုတယ်နီကိုးနှင့် ဒူးဆစ်အင်းယားလိပ် ဟိုတယ်တို့တွင် ပြုလုပ်မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒေါက်တာစိုးဝင်း၊ ဖုန်း-၀၉-၅၀-၁၄၅၇၆၊ ဒေါက်တာ အေးချို ဖုန်း-၀၉-၅၁-၁၆၁၄၃၊ ဒေါက်တာ ခင်ဇော်ကြူး ဖုန်း-၀၁-၅၇၇၆၅၈၊ ဒေါက်တာစိန်မြင့် ဖုန်း-၀၉-၅၀-၁၃၅၅၄၊ ဒေါက်တာ မေအောင်လင်း ဖုန်း-၀၉-၈၀-၂၄၀၆၅၊ ဒေါက်တာ မစောမူ ဖုန်း-၀၉-၅၁-၃၃၈၀၉၊ ဒေါက်တာ မေကြည်အောင် ဖုန်း-၀၁-၂၁၁၀၃၁၊ ဒေါက်တာ ကြည်ကြည်မြင့် ဖုန်း-၀၉-၂၀-၀၄၃၆၁၊ ဒေါက်တာ ခိုင်မာလာမြင့် ဖုန်း-၀၁-၇၀၇၀၀၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်ခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဝိနည်းဓမ္မကံ မှုခင်းများဆုံးဖြတ်ရေး လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစီမံချက်များ၊ သာသနာပြု လုပ်ငန်းစီမံချက်များကိုသာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တာဝန်ရှိ

ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထု၏ဆန္ဒအရ ဆောင်ရွက်နေခြင်းဖြစ် သာသနာ့ဝန်ထမ်းများအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးတော်မူခဲ့သော ဂဏ္ဌဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကို ဆောင်ရွက်ခြင်းဖြစ်

☆ **သာသနာ့ဝန်ထမ်းမှ**

၂။ သံဃာ့အဖွဲ့အစည်း အခြေခံလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များကို လုပ်ထုံးလုပ်နည်းများ ဝိနည်းတရားတော်နှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

၃။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းကဲ့သို့ပေးအပ်ခဲ့သော သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် အဓမ္မဝါဒများကို တားဆီးနှိမ်နင်းနိုင်ခြင်း၊ သာသနာတော်၏အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပရိယတ္တိ စာမေးပွဲများကို တိုးချဲ့ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်း၊ တောင်တန်းဒေသနှင့် နယ်စပ်ဒေသ သာသနာပြု လုပ်ငန်းများ၊ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းများကို တွေ့ရှိနိုင်ပေသည်။

၄။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစီမံချက်များ၊ သာသနာပြုလုပ်ငန်းစီမံချက်များ၌ ဖော်ပြပါရှိသည့် လုပ်ငန်းတာဝန်များကိုသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထု၏ဆန္ဒအရ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းများအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။**

၅။ **ဖော်ပြပါလုပ်ထုံးလုပ်နည်းများ၊ စီမံချက်များ၌ မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက် ဆောင်ရွက်ခြင်း မပြုမိကြစေရန်အတွက် မိမိတို့ ဦးထိပ်ထားလေးစားကြည်ညိုအပ်သော ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်ကြီးများထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာအမှတ် (၈၁) (၈၃) (၈၅) နှင့် (၆၅)တို့၌ စုံစုံလင်လင် ထုတ်ပြန်ညွှန်ကြားထားခဲ့ပြီးဖြစ်၍ ယင်းညွှန်ကြားလွှာများအတိုင်း လိုက်နာကြစေရေးနှင့် ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာကိုသာ ကြိုးပမ်းအားထုတ်ကြစေရေး သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ် သံဃနာယကအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များက ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ကြပါရန် ညွှန်ကြားအပ်ပါသည်။** (ညွှန်ကြားလွှာအမှတ်-၈၁၊ ၈၃၊ ၈၅၊ ၆၅ တို့၏ မိတ္တူများကို ပူးတွဲပေးပို့ပါသည်။)

(ဘဒ္ဒန္တ ကုမာရ)	**(ဘဒ္ဒန္တ ဩဘာသာဘိဝံသ)**
အဘိဓဇမဟာရဋ္ဌဂုရု	**အဘိဓဇမဟာရဋ္ဌဂုရု**
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
ဥက္ကဋ္ဌဆရာတော်	**အကျိုးတော်ဆောင်ဆရာတော်**

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌဆရာတော်၊ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့(အားလုံး)
- ဥက္ကဋ္ဌဆရာတော်၊ မြို့နယ် သံဃနာယကအဖွဲ့(အားလုံး)
- ဥက္ကဋ္ဌဆရာတော်၊ ရပ်/ကျေး သံဃနာယကအဖွဲ့(အားလုံး)
- ဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန
- ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အားလုံး)
- ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အားလုံး)
- မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အားလုံး)
- ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- ဒုတိယပါမောက္ခချုပ်(စီမံ)အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်
- ပြည်နယ်/တိုင်းသာသနာရေးမှူး(အားလုံး)
- ခရိုင် သာသနာရေးမှူး(အားလုံး)
- မြို့နယ် သာသနာရေးမှူး(အားလုံး)

ငွေကျပ်(၁၀၀)တန်ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက် ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

(၂၂၅)ကြိမ်မြောက် ငွေကျပ်(၁၀၀)တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ရက် နံနက် ၈နာရီမှ စတင်၍ ညနေ ၄နာရီထိ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ယခုဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၅၀၀)ဆု တစ်ဆု၊ ငွေကျပ် သိန်း(၃၀၀) နှစ်ဆု၊ ငွေကျပ်သိန်း(၂၀၀)လေးဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၅ဆု၊ ငွေကျပ် (၁၀)သိန်း ၅၄၄ ဆု၊ ငွေကျပ် ငါးသိန်း ၁၉ဆု၊ ငွေကျပ်လေးသိန်း (၂၃)ဆု၊ ငွေကျပ်နှစ်သိန်း(၁၉၃)ဆု၊ ငွေကျပ်တစ်သိန်း (၁၅၃၀)ဆု၊ ငွေကျပ်ရှစ်သောင်း(၆၀)ဆု၊ ငွေကျပ်လေးသောင်း(၁၀၁)ဆု၊ ငွေကျပ်နှစ်သောင်း (၁၅၈၄၂)ဆု စုစုပေါင်း ၁၈၃၅၄ဆု ဖြစ်သည်။

(၂၂၅)ကြိမ်မြောက် ငွေကျပ်(၁၀၀)တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၀၀	၇။ ပညာခေတ်
၅:၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀	၁၃။ ဝတ်စားဆင်ယင်လှစေချင်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုယ့်အချစ်ဆုံး"(အပိုင်း-၉)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ မွေးမြူသုတ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" ဒုတိယတွဲ(အပိုင်း-၃၆)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

✧ ရှေ့ဖုံးမှ

သည့် တရားမဝင် သံဃာ့အဖွဲ့များကိုဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြစေရန်အတွက် ဆုံးမဩဝါဒပေးကြရန် ညွှန်ကြားလျှောက်ထားအပ်ပါသည်။

(ဘဒ္ဒန္တ ကုမာရ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

စာအမှတ်၊ ၂၁၂/၄/သာ-မဟန
ရက်စွဲ၊ ၁၃၅၃-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂-ရက်
(၁၉၉၁-ခုနှစ်၊ ဇူလိုင်လ ၁၃ရက်)

ညွှန်ကြားလွှာအမှတ်(၈၃)

အကြောင်းအရာ။ ။သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်း မပြုလုပ်ရန်ညွှန်ကြားခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ထေရဝါဒဂိုဏ်းဝင် သံဃာပေါင်း သုံးသိန်းကျော် နေထိုင်သီတင်းသုံးလျက်ရှိပါသည်။ ယင်းထေရဝါဒဂိုဏ်းဝင်သံဃာအပေါင်းသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးမှုအရ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပပြီးနောက် သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ သာသနာရေးတာဝန်များကို ဆောင်ရွက်လျက်ရှိကြပါသည်။

၂။ ထေရဝါဒ သံဃာ့ဂိုဏ်းဝင် သမ္မုတိသံဃာတို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဦးတည်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့၏ကိစ္စဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

၃။ အကယ်၍ ရဟန်းသာမဏေများ ပါတီနိုင်ငံရေးများ၌ ပါဝင်ဆောင်ရွက်ပါက နိုင်ငံရေးပါတီများသည် ရဟန်းသာမဏေများထံချဉ်းကပ်၍ ဆရာမွေးကြပေလိမ့်မည်။ ထိုအခါ ရဟန်းသာမဏေများသည် မိမိနှစ်သက်ရာပါတီအနိုင်ရရှိရေးကို ဆောင်ရွက်ကြ၊ ဟောပြောကြရသဖြင့် ဘုရားရှင်၏ဓုရနှစ်ဖြာကို အားမထုတ်နိုင်တော့ဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ကို ထိခိုက်လာမည့်အပြင် ရဟန်းသာမဏေအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ခဲခဲယဉ်းယဉ်းတည်ဆောက်ထားရသော ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်ရေးကြီး ပြိုကွဲ၍သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်တို့ဇကန်ပျက်စီးကြရပေလိမ့်မည်။ ရှေးယခင် အင်္ဂလိပ်အုပ်စိုးစဉ်အခါက ဝံသာနု၊ဒိုင်အာခီ စသည်ကွဲပြားကြရာ ရဟန်းတော်များ ပါတီနိုင်ငံရေး ပါဝင်ဆောင်ရွက်ကြသဖြင့် ဝံသာနုဘုန်းကြီး၊ ဒိုင်အာခီဘုန်းကြီးစသည်တို့ စိတ်ဝမ်းကွဲကာ ကံကြီးကံငယ် အတူမဆောင်နိုင်၊ သံဃာစင်အတူမတက်နိုင်သည်အထိ အချင်းချင်းကွဲပြားခဲ့ဖူးပါသည်။

၄။ မြန်မာနိုင်ငံတော်၌ ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးသော ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီးကို ရရှိ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းကာ"သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသောမူအရ သာသနာ့ကိစ္စအဝဝကို သံဃာတော်များကိုယ်တိုင် ဆောင်ရွက်ခွင့်ရသဖြင့်သာသနာတော်၌ အဓမ္မဝါဒများကို နှိမ်နင်းနိုင်ခြင်းစသော အကျိုးတရားများစွာ ဖြစ်ထွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့ညီညွတ်ရေးကြီး မပြိုကွဲရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် ရဟန်းသာမဏေတိုင်း၏ တာဝန်ဖြစ်သည်။ ဤတာဝန်ကို ကျေ ပွန်စွာမထမ်းဆောင်နိုင်ကြသဖြင့် သံဃာ့ညီညွတ်ရေးကြီး ပြိုကွဲ၍ သံဃာ့အဖွဲ့အစည်းများ ပျက်စီးသွားပါက နောင်တစ်ဖန် ဤအခွင့်အရေးမျိုးရရှိရန် မျှော်မှန်း၍ရနိုင်တော့မည်မဟုတ်ပါ။

၅။ ပါတီနိုင်ငံရေးဟူသည် လူဝတ်ကြောင်၊ လူပုဂ္ဂိုလ်တို့၏ကိစ္စတာဝန်သာဖြစ်ပါသည်။ ရဟန်းသာမဏေများသည်ကား မည်သည့်ပါတီကပင် အစိုးရအဖြစ်တက်ရောက်လာသည်ဖြစ်စေ၊ ထိုတက်ရောက်လာသော အစိုးရ၏ တရားနှင့်အညီပေးအပ်သော အာဏာစက်အကူအညီ အထောက်အပံ့ကိုရယူ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသွားရမည်သာ ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ထေရဝါဒ သံဃာ့ဂိုဏ်းဝင် ရဟန်းသာမဏေတို့သည် ပါတီနိုင်ငံရေးများ၌ ကိုယ်တိုင်ပါဝင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သူတစ်ပါးအား တိုက်တွန်းခြင်းများမှ ရှောင်ရှားကြရန် ညွှန်ကြားလိုက်ပါသည်။

ဘဒ္ဒန္တ ကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

စာအမှတ်၊ ၃၃၀/၁/၈၅/(ဝိ) ညွှန်-မဟန
ရက်စွဲ၊ ၁၃၅၇ခုနှစ်၊ တန်ခူးလဆန်း(၈)ရက်
(၁၉၉၆-ခုနှစ်၊ မတ်လ ၂၆-ရက်)

ညွှန်ကြားလွှာအမှတ်(၈၅)

အကြောင်းအရာ။ ။ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအမှုများကို ကျူးလွန်သော ရဟန်း သာမဏေများအား အရေးယူရေးကိစ္စ

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အကျင့်ပျက်ရဟန်းများ အရေးယူရေးကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားလွှာအမှတ်(၂၄)ဖြင့်လည်းကောင်း၊ ဝိနည်းသိက္ခာပုဒ်တော်များဖြင့် တားမြစ်အပ်သော ပွဲလမ်းသဘင်များကိုကြည့်ရှုသော ရဟန်း သာမဏေများအား ဆုံးမဩဝါဒပေးရေးနှင့်ပတ်သက်၍ ညွှန်ကြားလွှာအမှတ်(၃၀)ဖြင့်လည်းကောင်း၊ တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများ ကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားလွှာအမှတ်(၆၅)ဖြင့်လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေရဟန်း သာမဏေတို့ လိုက်နာကျင့်သုံးရန်ဓမ္မဝိနယနှင့်အညီ စည်းကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာအမှတ်(၇၂)ဖြင့်လည်းကောင်း၊ ကျောင်းတိုက်စည်းမျဉ်းစည်းကမ်းမလိုက်နာမှု ညွှန်ကြားလွှာအမှတ်(၇၂)ပါ စည်းကမ်းကျင့်ဝတ်များကို မလိုက်နာမှု၊ ဘုန်းတော်ကြီးကျောင်းအဖြစ် အသိအမှတ်မပြုသော အဆောက်အအုံ၌ဖြစ်စေ၊ မဆောက်လုပ်ရန်တားမြစ်ထားပါလျက် ဆက်လက်ဆောက်လုပ်နေသော အဆောက်အအုံ၌ ဖြစ်စေ သီတင်းသုံးနေထိုင်မှုများနှင့်ပတ်သက်၍ ညွှန်ကြားလွှာအမှတ်(၇၅)ဖြင့်လည်းကောင်း ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသာမဏေများအနေဖြင့် ဝိနည်းတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်ကြရေးအတွက် ၁၃၅၆-ခုနှစ် တပေါင်းလဆန်း (၁၃)ရက် (၁၉၉၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့)တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၃။ ယင်းစည်းမျဉ်းဥပဒေ(၃၁)ချက်အနက် ဖော်ပြလတ္တံ့ပါအချက်များမှာ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအချက်များ ဖြစ်ပါသည်-

(က) မြို့တွင်း ရွာတွင်း ဝင်ထွက်သွားလာရာ၌ သင်္ကန်းမရုံဘဲ သွားလာခြင်း။ (အပိုဒ်-၇)

(ခ) ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ပဓာနနာယက ခွင့်ပြုချက်မရှိဘဲ နေမွန်းလွဲအခါ မြို့ရွာတွင်းလှည့်လည် သွားလာမှုများ ပြုလုပ်ခြင်း။ (အပိုဒ်-၈)

(ဂ) သာသနာတော်၏ ကြောင့်တံသင်းသဖွယ်ဖြစ်၍ ရဟန်းသာမဏေတို့နှင့် မလျော်မလျောက်ပတ်သည့် လေ့ပွဲ၊ဆင်ပွဲ၊မြင်းပွဲသဘင် ပျော်ရွှင်မြူးထူးပြိုင်ဆိုင်ရာအရပ်များသို့ သွားလာကြည့်ရှုနေထိုင်ခြင်း၊ ဆိုင်း၊ ဇာတ်၊ ရုပ်စုံပွဲသဘင်မှစ၍ အရပ်ရပ်ပွဲသဘင်များကို သတားရောက်ကြည့်ရှုနားထောင်ခြင်း၊ လောင်းကစားမှုအမျိုးမျိုးကိုပြုလုပ်ခြင်း(အပိုဒ်-၂၅)

(ဃ) ရောင်းဝယ်ဖောက်ကားရာဖြစ်သော ဈေးပြင်ကနားအရပ်တို့သည် ယောကျာ်း၊ မိန်းမတို့ ပွမ်းတီး ရောနှောရာအရပ်ဖြစ်၍ ရဟန်းသာမဏေတို့သွားလာခြင်းငှာ လျောက်ပတ်သောအရပ် မဟုတ်သော ကြောင့် ဈေးပြင်ကနားများသို့ ရဟန်းသာမဏေများ တိုးဝှေ့သွားလာခြင်း။ (အပိုဒ်-၂၇)

(င) လူမြင်ကွင်း၌လည်းကောင်း၊ စားသောက်ဆိုင်များ၌လည်းကောင်း နေလွဲညစာ စားသုံးခြင်း၊ မော်တော်ယာဉ်အမိုးပေါ်၌တက်စီးခြင်း၊ မော်တော်ယာဉ်နောက်၌ တွယ်စီးခြင်း၊ ဘူတာရုံ၊ ကားဆိပ်၊ စားသောက်ဆိုင် စသည်တို့၌ သပိတ်ဖြင့် တွန်းထိုး၍လည်းကောင်း၊ လက်ဖြင့်တို့၍လည်းကောင်း၊ သာသနာတော်ဂုဏ်သိက္ခာညှိုးမှိန်စေမည့် အလှူခံနည်းများဖြင့် အလှူခံခြင်း။ (အပိုဒ်-၂၉)

၄။ အထက်အပိုဒ်(၃)ပါ ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေညှိုးမှိန်စေသည့်အမှုများကို ပြုလုပ်ကျူးလွန်သည့် ရဟန်းသာမဏေများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အာဏာစက်ပံ့ပိုးကူညီဆောင်ရွက်ပေးရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ မေတ္တာရပ်ခံခဲ့ရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ယင်းစည်းမျဉ်းဥပဒေအပိုဒ် (၇၊ ၈ ၊၂၅၊ ၂၇၊ ၂၉)တို့ကို ကျူးလွန်သော ရဟန်းသာမဏေများကိုတွေ့ရှိပါက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ (၂၀/၉၀)ပါ အခန်း-၃၊ အပိုဒ်(၁၁)နှင့် အခန်း-၄၊ အပိုဒ်(၁၄)တို့အရ အရေးယူဆောင်ရွက်သွားရန် ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များသို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ကျောင်းထိုင်ဘုန်းကြီး၊ ကျောင်းတိုက်ပဓာနနာယကဆရာတော်များအနေဖြင့် မိမိတို့၏ တပည့်ရဟန်းသာမဏေများကို ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေမည့်အမှုများ မပြုလုပ် မကျူးလွန်မိစေရေးအတွက် အမြဲမပြတ်ကြီးကြပ်၍ နေ့စဉ်ဆုံးမ ဩဝါဒများပေးကြရန် ညွှန်ကြားအပ်ပါသည်။

(ဘဒ္ဒန္တ သောဘိတ)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တ ကုမာရ)
အဂ္ဂမဟာပဏ္ဍိတ
အကျိုးတော်ဆောင် ဆရာတော်

လှိုင်မြို့နယ် အေးရိပ်မွန်(၈)လမ်းနေ မိခင် ဒေါ်ခင်ရှုက သမီး မနီလာသန်း(ခေတ္တ-ဂျပန်) အသက်(၄၀) ပြည့်မွေးနေ့အတွက် ကြေးပြားရှစ်ချပ်၊ အလှူငွေကျပ် ၂၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

(က-ပ)

မော်လမြိုင်မြို့ မရမ်းကုန်းရပ် ပုလဲလမ်းနေ သာယာကုန်း မဟာစည်ကျောင်းဒကာ၊ ကျောင်းဒကာမ ဒေါ်ကျင်ပို၊ သားဦးမိုးကျော်နှင့် မတိုးတိုးရှိန်၊ သမီး မသူဇာ၊ မဥမ္မာ မိသားစုတို့က ကျိုက်ထီးရိုး မဟာစည်သာသနာ့ရိပ်သာ၌ တည်ထားမည့် ရွှေတိဂုံပုံတူ စေတီတော်နှင့်ကျိုက်ထီးရိုးမဟာစည် သိမ်ကျောင်းတော်အတွက် ငွေကျပ် ၂၅သိန်းကိုပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ညွှန်ကြားလွှာအမှတ်(၆၅)

တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကိုဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများကိစ္စ။

(၈၊ ၈၊ ၈၄) (-၁၂၊ ၅၊ ၄၆)

၁။ မြန်မာနိုင်ငံတော်အတွင်း၌ ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများနှင့် ပတ်သက်၍ ၁၃၄၆-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၄-ခုနှစ်၊ ဇွန်လ ၁၁-ရက်)တနင်္လာနေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

ဝိနည်းသိက္ခာပုဒ်တော်များကိုလည်းကောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကိုလည်းကောင်း တစ်ဦးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသော ရဟန်းသာမဏေများအပေါ် တိတိကျကျအရေးယူရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးအား ဩဝါဒပေးရန်နှင့် သံဃနာယကအဖွဲ့အစည်း အဆင့်ဆင့်တို့အား ညွှန်ကြားရန် ဆုံးဖြတ်တော်မူကြသည်။

၂။ ဖော်ပြပါဆုံးဖြတ်ချက်အရ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား "ထိုကဲ့သို့ အကြမ်းဖက်ပြစ်မှုကျူးလွန်နေကြသော ရဟန်းသာမဏေများအပေါ် ယင်းတို့ကျူးလွန်ထားသော အပြစ်အားလျော်စွာ ထိုက်သင့်သော အပြစ်ဒဏ်ပေးခြင်းသည် သာသနာပြုရာရောက်ကြောင်း"ဩဝါဒပေးထားပြီးဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၁)ပါဆုံးဖြတ်ချက်အတိုင်း ပြစ်မှုကျူးလွန်သူ ရဟန်းသာမဏေများအား သင့်လျော်သော ပြစ်ဒဏ်ကိုခံယူနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ဆိုင်ရာတရားဥပဒေများအရ အရေးယူကြတော့မည်ဖြစ်သဖြင့် မြို့နယ်သံဃနာယကအဖွဲ့များသည် ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ကြရန် ညွှန်ကြားလိုက်ပါသည်-

(က) ဝိနည်းသိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ကျူးလွန်မှုမရှိစေရေးအတွက် မိမိတို့မြို့နယ်တွင်းရှိ ရဟန်းသာမဏေများကို ယင်းတို့၏ကျောင်း/ကျောင်းတိုက် ဆရာတော်များက တိကျသောတိုက်တာစည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ကွပ်ကဲ၍ ဆိုဆုံးမနိုင်ရန်အတွက် မိမိတို့မြို့ပေါ်ရှိ ကျောင်း/ကျောင်းတိုက်များမှ ဆရာတော်များကို မြို့နယ်သံဃနာယကအဖွဲ့ရုံးသို့ ပင့်ဆောင်၍လျှောက်ထားရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ဆရာတော်များသိရှိနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်များအား ထပ်ဆင့်ညွှန်ကြားပေးရန်။

(ခ) ထိုကဲ့သို့ဆုံးမပါလျက် လိုက်နာခြင်းမရှိဘဲ ပြစ်မှုများကို ကျူးလွန်ကြသော ရဟန်းသာမဏေများအား မည်သည့်နည်းမျိုးနှင့်မျှ အကာအကွယ်မပေးရန်။

၄။ ဝိနည်းသိက္ခာပုဒ်တော်နှင့် တရားဥပဒေနှစ်ရပ်လုံးကို ကျူးလွန်နေကြသဖြင့် အရုပ်ဆိုးလှသည်မှန်သော်လည်း ထိုပုဂ္ဂိုလ်များအား သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းသိက္ခာပုဒ်တော်များဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း၊ နိုင်ငံတော်ကပြစ်မှုဆိုင်ရာ တရားဥပဒေများဖြင့် အရေးယူလိမ့်မည်ဟူသော အယူအဆဖြင့်လည်းကောင်း နှစ်ဦးနှစ်ဖက် အထိုက်အလျောက်လျစ်လျူရှုနေခဲ့ကြသည့်သဘောသက်ရောက်ပြီး ပြစ်မှုကျူးလွန်သူတို့အတွက် ကြားချောင်လစ်လပ်ကာ ရဲဝံ့စွာတစ်ဆင့်ထက်တစ်ဆင့် အပြစ်ကျူးလွန်ရန် အခွင့်အရေးသာနေသကဲ့သို့ဖြစ်နေသောကြောင့် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က မိမိတို့တာဝန်အရ သာသနာတော်သန့်ရှင်းရေးကိုရည်စူး၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး၏ အပိုဒ်(၁)ပါ ဆုံးဖြတ်ချက်ကို အလေးအနက်ထားပြီး ဒေသနာတော်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ဘဒ္ဒန္တ ဝိမလ	**ဘဒ္ဒန္တ ခမာဝုစ**
(အဂ္ဂမဟာပဏ္ဍိတ)	**(အဂ္ဂမဟာပဏ္ဍိတ)**
ဒုတိယဥက္ကဋ္ဌဆရာတော်	**တွဲဖက်အကျိုးတော်ဆောင်ဆရာတော်**

* **ဂန္ထဓုရမှ**

ယင်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးအား သာသနာတော် သန့်ရှင်းတည်တံ့ထွန်းကား ပြန့်ပွား၍ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆက်လက် တာဝန်ပေးအပ်ခဲ့ပါသည်။

ဆရာတော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးအနေဖြင့် အဆိုပါ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးတို့က ပေးအပ်ခဲ့သည့် လုပ်ငန်းတာဝန်များကိုသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။

ဂန္ထဓုရ၊ ဝိပဿနာဓုရမှတစ်ပါး ယင်းဓုရနှစ်ဖြာနှင့် မသက်ဆိုင်သော ဆောင်ရွက်မှုများ၊ အပြုအမူများ မလွန်ကျူးမိကြစေရန် မိမိတို့ဦးထိပ်ရွက်ပန်ဆင် ရိုသေလေးစားအပ်သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရ ဆရာတော် အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ထားခဲ့သော ညွှန်ကြားလွှာအမှတ်(၈၁)(၈၃)(၈၅)နှင့် ညွှန်ကြားလွှာအမှတ် (၆၅)တို့၌ ပြည့်ပြည့်စုံစုံ စုံစုံလင်လင် ထုတ်ပြန်ညွှန်ကြားထားပြီးဖြစ်၍ ယင်းညွှန်ကြားလွှာများအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဩဝါဒပေးလိုက်ပါသည်။

တောင်ငူမြို့ လောကမှန်ကူ စေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၂၄

တောင်ငူမြို့ မြို့ကြီးရပ်ကွက် ဝိသုဒ္ဓါရုံသိမ်ဦးကျောင်းတိုက်၌ အသစ်ပြန်လည်တည်ထားကိုးကွယ်မည့် လောကမှန်ကူ စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရွှေကျင်နိကာယ တောင်ငူမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ရတနာဘုံမြင့်ကျောင်းတိုက် ပဓာနနာယက ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင် တပည့်ဒါယကာ၊ ဒါယိကာမ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ရွှေလင်းယုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံ ဆက်ကပ်ကြပြီး စေတီတော် ဝတ္ထုကံမြေနေရာတွင် ပက်ဖျန်းချည်နှောင်ကြသည်။ ဆက်လက်၍ တိုင်းမှူးက ရွှေလင်းယုန်ဆရာတော်အား ရတနာကြုတ်၊ ပတ္တမြားအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရုပ်သိမ်း

ထို့နောက် ရွှေလင်းယုန် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ တိုင်းမှူးနှင့်ဒါယကာများက ရတနာကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကမ္ပည်းအဖွင့် ကျောက်စာတော်၊ ရတနာအုတ်မြစ်တော်များကို ပင့်ဆောင်၍ လောကမှန်ကူ စေတီတော် ဝတ္ထုကံ မြေနေရာတွင် လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးသည် အုတ်မြစ်တော်စီ ဗဟိုဌာန၌ ရတနာကြုတ်တော်၊ မော်ကွန်း ကမ္ပည်းကြေးပြားတော်၊ ကမ္ပည်းကျောက်စာတော်၊ ပတ္တမြား ရတနာ အုတ်မြစ်တော်တို့ကို စီသွင်းလှူဒါန်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

လှူဒါန်း

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ရတနာ အုတ်မြစ်တော်များကိုသတ်မှတ်နေရာများ၌ အသီးသီး စီသွင်းလှူဒါန်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့်တကွ ညှော်ပရိသတ်တို့က ဇယမင်္ဂလာအစရှိ အောင်ဂါထာတော် ရွတ်ဆို၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူးသည် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေစန်းက ရှေးဦးပြုစုခြင်းနေ့အကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းမှူးသည် နံနက် ၉ နာရီခွဲ တွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည့် တိုင်းအဆင့်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းပညာရေးမှူး ဦးသိန်းလှိုင်က တိုင်းအတွင်း စာမတတ်သူ ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထက်တန်းအဆင့် စာစီစာကုံးနှင့် အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုရရှိကြသူများကို တိုင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက်အထက်တန်း အဆင့် (စာစီစာကုံး)ဒုတိယဆုနှင့် အလယ်တန်းအဆင့် (ပိုစတာ) ဒုတိယဆုကို တိုင်းမှူး၏ ဇနီးက ချီးမြှင့်ပေးပြီး အထက်တန်းအဆင့် (စာစီစာကုံး) ပထမဆုနှင့် အလယ်တန်းအဆင့် (ပိုစတာ) ပထမဆုကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စောထွန်းအား တရုတ်ကုမ္ပဏီဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMCE ကုမ္ပဏီဥက္ကဋ္ဌ Ms. Luo Yan နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျား ဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ် ကျောင်းဆောင်ကြီးအတွက် ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာ အိမ်တော်ဝင်း ဝန်ထမ်းမိသားစုတို့က ငွေကျပ် တစ်သိန်းသုံးထောင်တစ်ဆယ့်ငါးကျပ်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယဗဟို အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်ထံ ဖျက်ဆီးခံရသည့် အဆောင်တာဝန်ခံ ဆရာတော်များက စာရေးသားတိုင်ကြားသည့် တိုင်ကြားချက်များ





ရေဒီယို အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ Asia-Pacific Institute for Broadcasting Development (AIBD) နှင့် Deutsche Welle (DW) တို့ ပူးပေါင်းကျင်းပသော AKADEMIE In-Country Course on Reporting for Radio အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများ၊ AIBD နှင့် DW-AKADEMIE တို့မှ Project Manager များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် DW-AKADEMIE Project Manager, Mr. Thorsten Karg နှင့် AIBD Project Manager, Mr. Marcel Gomez တို့က အမှာစကားများပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ အောက်တိုဘာ ၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ စက်မောင်း ကိုလှသန်းဝင်းအားရည်စူး၍ လှိုင်သာယာမြို့နယ် တပင်ရွှေထီး တာဝါစက်မှုဇုန်မှ K&L ကုမ္ပဏီနှင့် S.K.H ကုမ္ပဏီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးခင်ငြိမ်းလက်ခံယူစဉ်။ (က-ပ)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့် အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ ညနေပိုင်းတွင် စတင်ကျင်းပသည်။

(က)အုပ်စု မော်လမြိုင်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု ပုသိမ်ဇုန်၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စုတောင်ငူဇုန်၌ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိပါလ က ကြခတ်ဝိုင်းကျောင်းတိုက်ရှိ ကျောင်းဆောင်များကို ဆန္ဒပြသံဃာတော် ၃၅၀ခန့်နှင့် NLD ပါတီဝင် ၅၀ခန့်တို့ ရောက်ရှိလာပြီးဖျက်ဆီးခဲ့ကြောင်း ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ စာရေးသားတိုင်ကြား


ဘဒ္ဒန္တဇောတိပါလ
ရွှေကျင်နိကာယသံဃာ့ဘာရနိုဏ္ဍာရကသာသနာပြု
ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင်
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော် ပြဂါဒါစရိယ၊
ကြခတ်ဝိုင်း ဝံသာဓိပတိ အဂ္ဂမဟာဝိနာယက
ခမဲပြင် ဓမ္မဒီပ ဓမ္မဓိပတိ အဂ္ဂမဟာဝိနာယက
ကြခတ်ဝိုင်းဆရာတော်၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

ဖုန်း-(၀၅၂) ၂၁၀၈၂၊ (၀၉) ၅၃၀၁၃၈ရ
နေ့စွဲ၊ ၂၄-၉-၂၀၀၇။

သို့

ဘဒ္ဒန္တဇောတိပါလ
ရွှေကျင်နိကာယသံဃာ့ဘာရနိုဏ္ဍာရကသာသနာပြု
ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော် ပြဂါဒါစရိယ
ကြခတ်ဝိုင်း ဝံသာဓိပတိ အဂ္ဂမဟာဝိနာယက
ကြခတ်ဝိုင်း ဆရာတော်၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၇ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)(ဗုဒ္ဓပါဝစနာ) (ဣန္ဒာဆွေရေးဖွဲ့ပူဇော်၍ မောင်မောင်ကြီးသီဆိုပူဇော်သည်။)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ တတိယအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက ၁၊သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅:၁၅ ၆။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)(ဝါသနာရှင် ပထမတန်းအဆင့်)(အမျိုးသမီး)
၅:၂၅ ၇။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (အဆိုဘာသာရပ်မဟာဂီတ ဆွေးနွေးခန်း)
၅:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ နတ်မတောင်ကဖိတ်ခေါ်သံ
၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောရွှေနေခြည်” (အပိုင်း-၁၅)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပြုံးလှည့်ပါချစ်သူရယ်” (အပိုင်း-၉)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၇ (အင်္ဂါနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ဆရာ-ဒကာဆက်ဆံရေးသင်တန်း(ဒုတိယပိုင်း) (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မော်ကွန်းထိန်းဆရာတော်)
၇:၃၀-၁:၃၀	နှစ်စဉ်မပြတ်ကွင်းဆင်းမှု ကျေးလက်ဒေသအရောက်ကု သွားကျန်းမာရေးအကျိုးပြု
၈:၀၅-၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀-၂:၁၀	Sunday Talk
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀း၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	ယှဉ်ပြိုင်သိုင်းအားကစား အိုလံပစ်ဖလား
၉:၄၅--၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	ဥပါဒါန် (သရုပ်ဆောင် ကင်းကောင်၊ ပိုင်သခ်၊ ဒွိုက်၊ အေးအေးခိုင်) [ဒါရိုက်တာ-ဝေဠု (ဝဿန်)]
၁၀:၀၅-၄:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀	စဉ့်စမ်းသပ်စခန်းနှင့်မိတ်ဖွဲ့ရင်း မြေကိုအသက်သွင်းခြင်း
၁၀:၃၀း၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ တော်ဝင်ခမ်းနားပတ္တမြား (အပိုင်း-၂)
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	Omega-3 Fatty Acids
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	Music Gallery (ချစ်သူ့လက်ဆောင်-၂)
၁၂:၂၀-၆:၂၀	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ပျားလိမ္မော်)
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	သစ္စာမဏ္ဍိုင်စာပေမိသားစု၏ ကြည်နူးပီတိမြတ်ဒါနအလှူတော်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၄-၉-၂၀၀၇)

နေပြည်တော်	၀ ဒသမ ၂၄ လက်မ
စစ်တွေ	၂ ဒသမ ၉၂ လက်မ
ဖျာပုံ	၁ ဒသမ ၃၄ လက်မ
ပူတာအို	၀ ဒသမ ၇၁ လက်မ
ပြည်	၀ ဒသမ ၆၇ လက်မ

မွန်ပြည်နယ် မုဒုံမြို့နယ် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် ကွယ်လွန်သူ မိဘများဖြစ်သော ဦးကြူမင်း ဒေါ်သိုက်ငွေးတို့အားရည်စူး၍ စက်တင်ဘာ ၁၀ရက်က တိုင်စင်းမိသားစု(မုဒုံ)က အလှူငွေကျပ်ကိုးသိန်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည့် အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားတင်ပြစဉ်။ (သတင်းစဉ်)

❁ ပြည်တွင်း ပြည်ပမှ

သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပြီး မူလပြောကြားခဲ့သော စွမ်းအင်လောင်စာဆီဈေးနှုန်းနှင့် ကုန်ဈေးနှုန်းကိစ္စများ မပါဝင်တော့ဘဲ NLD နှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန် တောင်းဆိုခြင်း၊ လုံခြုံရေးအရ ခေတ္တ ထိန်းသိမ်းစောင့်ရှောက်ထားသော ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့သို့ပင် ချီတက်ဆန္ဒပြ ဆုတောင်း မေတ္တာပို့ပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် အခြေအနေ ပိုမိုရှုပ်ထွေးလာ အောင် စဉ်ဆက်မပြတ် လုပ်ဆောင်သည်ကို ယနေ့ကာလတွင် တွေ့မြင် နေရပါသည် ဘုရား။

ညီလာခံကြီးမှာ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိအောင် ဆောင်ရွက်နေကြခြင်းဖြစ်ပါသည် ဘုရား။

ထို့အတူ တိုင်းရင်းသားမျိုးစုံ ပါဝင်ဆောင်ရွက်ခဲ့သော ထိုအမျိုးသားညီလာခံကြီးမှ ထွက်ပေါ်လာမည့် အခြေခံဥပဒေများသည် မိမိနိုင်ငံ၏ကံကြမ္မာကို မိမိဖန်တီးနိုင်ခွင့်ရှိသော အချက်များနှင့် အခြားတိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ရန် ပြဋ္ဌာန်းထားသော အချက်အလက်များကို ဗိုလ်ကျစိုးမိုးခြယ်လှယ်လိုသော ပြည်ပနိုင်ငံကြီးတချို့မှ လုံးဝ လိုလားနှစ်သက်ခြင်း မရှိသဖြင့် ၎င်းတို့အား လိုလားသည့် ပြည်တွင်းအဖျက်သမား လူတစ်စုဖြင့် ပူးပေါင်းကာ နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေခြင်းဖြစ်ပါသည် ဘုရား။

ယနေ့နိုင်ငံတော်တွင် လမ်းပေါ်တက်၍ စီတန်းလမ်းလျှောက် ဆန္ဒပြနေသည့် အဖြစ်အပျက်များမှာ ပြည်ပမှ စနစ်တကျ စီမံချက် ချ၍ ဆောင်ရွက်နေသည့် နည်းလမ်းတစ်ခုဖြစ်ပါသည် ဘုရား။

တွင် လုပ်ကြံထုတ်လွှင့်ခြင်း၊ ကျောင်းတိုက်ကြီးများသို့ ၎င်းတို့ မွေးမြူထားသော အမာခံများမှတစ်ဆင့် တယ်လီဖုန်းဖြင့်ခြိမ်းခြောက်ခြင်း၊ ဆန္ဒပြမထွက်လျှင် စာရင်းကောက်ယူ၍ ကမ္ဘာသိအောင် အင်တာနက်တွင် ဖော်ပြမည်ဟု ခြိမ်းခြောက်ပြောဆိုခြင်း၊ အပြင်မထွက်ရဲသူများ ထဘီပို့လိုက်ရမည်လားဟူသော စကားလုံးများဖြင့် မခံချင်အောင် ခြိမ်းခြောက်နှိပ်စက်နေခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုခဲ့သောကြောင့် အပြင်ထွက်ရန် ဆန္ဒမရှိသော သံဃာငယ်ကိုရင်အချို့သည် ရောယောင်၍ လမ်းပေါ်သို့ ရောက်ရှိလာပါသည် ဘုရား၊ သို့ရာတွင် လမ်းပေါ်ထွက်သည်ဆိုသော သံဃာထုမှာ နေရာတစ်ခုတည်းတွင် အစုအဝေးရှိနေသဖြင့် များသည်ဟု ထင်မှတ်သော်လည်း ၎င်းအင်အားစုမှာ သံဃာ နှစ်ရာခိုင်နှုန်းမျှဖြင့် မရှိပါဘုရား၊ ၉၈ ရာခိုင်နှုန်းကျော် ကောင်းမွန်စွာ သာသနာပြုလိုကြသည့် သံဃာထုမှာ အများစုဖြစ်ပါသည်ဘုရား၊ ၎င်းတို့ဖြစ်စေချင်၊ ပြောစေချင်သည့်ဆန္ဒကို သံဃာငယ်များအား ပြည်ပသတင်းမီဒီယာများမှ တစ်ဆင့်

ယနေ့ နိုင်ငံတော်တွင် လမ်းပေါ်တက်၍ စီတန်းလမ်းလျှောက် ဆန္ဒပြနေသည့် အဖြစ်အပျက်များမှာ ပြည်ပမှ စနစ်တကျ စီမံချက်ချ၍ ဆောင်ရွက်နေသည့် နည်းလမ်းတစ်ခုဖြစ်

အထက်ပါဖြစ်ရပ်များ ဖြစ်ပေါ်လာစေရန် စီမံဖန်တီးနေသည့် အကြောင်းအရင်းမှာ မြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတစ်စုက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို ပျက်စီးဆုတ်ယုတ်စေရန် နည်းမျိုးစုံဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိနေပါသည် ဘုရား။

ယခုကဲ့သို့ လုပ်ဆောင်နေသည်မှာ နိုင်ငံတော်အတွက် အသက်သွေးတမျှ အရေးကြီးလှသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ပြုလုပ်ကျင်းပခဲ့ရာ ထိုအမျိုးသားညီလာခံကြီးကို မပျက်ပျက်အောင် ဖျက်ဆီးခဲ့ကြသော်လည်း အဖျက်သမားများအတွက် အောင်မြင်မှုမရှိဘဲ ပြည်သူလူထု အားပေးထောက်ခံမှုဖြင့် တိုင်းရင်းသားမျိုးစုံ ပါဝင်ဆောင်ရွက်ခဲ့သော အမျိုးသား

● နိုင်ငံတော်မှ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားတင်ပြသည်။

(ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ လျှောက်ထားတင်ပြချက်ကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဩဝါဒ ပြန်လည်မိန့်ကြားသည်။

(မကွေးဆရာတော်ကြီး မိန့်ကြားသည့် ဩဝါဒကို ကျောဖုံးတွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ထပ်မံအကြံပြုရန်မရှိကြောင်း မိန့်ကြားတော်မူရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ထပ်မံဖြည့်စွက်လျှောက်ထားရာတွင် လိုက်နာရန် သတ်မှတ်ချက်များကို လိုက်နာရန် ဓမ္မစက်ဖြင့် ဆောင်ရွက်ခြင်းအပေါ် လိုက်နာမှုမရှိပါက လုပ်ထုံးလုပ်နည်း ဥပဒေကြောင်းအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အဖျက်သမားအုပ်စုတို့သည် ၎င်းတို့အတွက် အကျိုးရှိမည်ဆိုလျှင် ဘာသာ သာသနာကိုပင်လျှင် အလွတ်မပေးဘဲ ကျောင်းသင်္ခမ်းများအတွင်း ပရိယတ္တိစာပေ အပတ်တကုတ် ကြိုးပမ်းအားထုတ်နေကြသော သံဃာငယ်များကိုပင် သွေးထိုးမြှောက်ပင့်၍ လမ်းပေါ်ဆွဲတင်ကာ လမ်းလျှောက်စေခဲ့ပါသည် ဘုရား။

ယင်းပြည်တွင်း၊ ပြည်ပ အဖျက်သမားများအနေဖြင့် ပထမကာလပိုင်းတွင် ကျောင်းသား၊ အလုပ်သမား၊ ပြည်သူလူထုအတွင်း စိမ့်ဝင်ထိုးဖောက်၍ စည်းရုံးလှုံ့ဆော်ခဲ့သော်လည်း ၁၉၈၈ ခုနှစ်တွင် ၎င်းတို့၏ မြှောက်ပင့်သွေးထိုးမှုကြောင့် မိမိတို့လူမျိုးအချင်းချင်း လူစည်ကားသည့် လမ်းလယ်ကောင်မှာပင် အရှင်လတ်လတ် ခေါင်းဖြတ်သတ်ခဲ့သည့် မြင်ကွင်းအတွေ့အကြုံများကို သိရှိတွေ့မြင် စဉ်းစားမိသည့် ပြည်သူလူထုမှာ ဆူပူမှုကို မလိုလားကြသဖြင့် ၎င်းတို့၏ နိုင်ငံရေးသွေးထိုးမှုကို ကြံ့ကြံ့ခံ၍ တွန်းလှန်ရပ်တည်နိုင်ခဲ့ပါသည် ဘုရား။

ဆူပူလိုသူများက ဝိနည်းသိက္ခာဖြင့် ရဟန်းတရား အားထုတ်နေကြသော စာသင်တိုက်များကို ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ လက်တွေ့ဖြစ်စဉ်တစ်ရပ်ကို တင်ပြပါမည် အရှင်ဘုရား၊ စက်တင်ဘာလ ၂၄ ရက်နေ့ ၂ နာရီခွဲခန့်တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်သို့ ဆန္ဒပြ သံဃာတော် ၃၅၀ ခန့်နှင့် NLD ပါတီဝင် ၅၀ ခန့်တို့ ရောက်ရှိလာပြီး ကျောင်းတိုက်အရှေ့ဘက် ကပ်လျက်ရှိသော ကျောင်းဆောင်များကို ရေသန့်ဘူးများဖြင့် ပစ်ပေါက်သဖြင့် မှန်ပြတင်းပေါက်များ ပျက်စီးသွားခဲ့ပါသည် အရှင်ဘုရား။

ထိုကဲ့သို့ လူထုအား သွေးထိုးလှုံ့ဆော်၍ မရသောအခါ လူမှုရေး၊ နိုင်ငံရေးကိစ္စများကို လေ့လာမှတ်သား စိတ်ဝင်စားခြင်းမရှိဘဲ ဘုရား၏ တရားတော်စကားများဖြင့်သာ မွေ့လျော်နေကြသဖြင့် နိုင်ငံရေးကို အသိမကြွယ်၊ နားမလည်နိုင်ကြသည့် ရဟန်းသံဃာငယ်များအတွင်းသို့ စိမ့်ဝင်ထိုးဖောက် စည်းရုံးလှုံ့ဆော်ခဲ့ပါသည်ဘုရား၊ စည်းရုံးသည့်အထဲတွင်လည်း လူထုဒုက္ခရောက်နေ၍ ကယ်တင်ရမည့် လူစွမ်းကောင်းတို့၏ ပုံသဏ္ဌာန်ဖြင့် နိုင်ငံတော်အစိုးရအပေါ်တွင် အဆိုးမြင်ဝါဒဖြင့် သာမန်အားနည်းချက်များကိုပင် ကြီးမားသော ချို့ယွင်းချက်များအဖြစ် ပုံကြီးချဲ့ လုပ်ကြံဝါဒဖြန့် လှုံ့ဆော်ခဲ့ပါသည်။ အချို့ကိစ္စများတွင် သံဃာငယ်များမခံချင်အောင် မည်သို့မည်ပုံ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်သည်ကို ပန်းချီပုံတူဆွဲ၍သော်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် သရုပ်ဆောင် ရိုက်ကူးပြီးလျှင် အင်တာနက်

ညွှန်ကြားကာ ပြောစေ၊ လုပ်ဆောင်စေခြင်းများ ပြုလုပ်စေခြင်းသာ ဖြစ်ပါသည်ဘုရား။

အဆိုးရွားဆုံးသောအချက်မှာ မိမိတို့အား စာပေသင်ကြားပို့ချပေးခြင်း၊ နေရာထိုင်ခင်းခွင့်ပြုခြင်း၊ ဆွမ်းကွမ်းကိစ္စ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ကြသည့် နှစ်နှင့်ချီ၍ အတူနေလာကြသော မိမိဆရာတော်ကြီးများ၏ စကားကိုပင် နားမထောင်တော့ဘဲ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘဲ၊ ဘာတစ်ခုမှလည်း မိမိကို ကောင်းမှုကုသိုလ် မပေးစွမ်းသည့် ပြည်တွင်း/ပြည်ပအဖျက်သမားများနှင့် BBC၊ VOA၊

အချိုးဆန့်ပြမှုရှိနေသော မြို့/ရပ်ကွက် ဒေသရပ်ဝန်းမ...
အသွားအလာ၊ အရောင်းအဝယ်များ လျော့နည်းချို့ယွ...
သဖြင့် လူထုမှာ အမှန်တကယ် စိတ်ပျက်လျက်ရှိ။
ယခုသံဃာငယ်များ လမ်းမပေါ်ထွက်၍ စီတန်းလမ်...
ကြိုးကိုင်လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်မှာ ၁၉၈၈ ခုနှစ်...
ကာလ၌ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသော...
ဥက္ကဋ္ဌဆိုသူ ဦးခေမာစာရဖြစ်။

ကျောင်းထိုင်... မိမိတို့ တပ... သံဃာထုနော... အနည်းငယ်မျှ...

RFA နှင့် DVB တို့၏ ပြောသော...
လိုက်နာဆောင်ရွက်စေခဲ့ပါသည်ဘုရာ...
ကျောင်းထိုင်နာယက ဆရာတော်...
ဆရာတော်ကြီးများက မိမိတို့တပ...
မကောင်း၊ ဝမ်းနည်းစွာဖြင့် ကြည့်...
ပါသည် ဘုရား။

ထို့ထက်ဆိုးရွားသည်မှာ ၎င်း...
ကျောင်းတိုက်ကြီးများအတွင်း တပ...
သကဲ့သို့ သံဃာအချင်းချင်းလည်း သ...
တစ်ပါး သံသယစိတ်အကြည့်ဖြင့်...
စရာအဖြစ်မျိုးနှင့် ရင်ဆိုင်နေရပါသ...

ဤကိစ္စမျိုး မဖြစ်ပေါ်စဉ်အခါ...
များ၊ ဒကာဖြစ်သည့် နိုင်ငံတော်အစိ...
တော်ကြီးကို စိတ်ချမ်းမြေ့စွာဖြင့်...
တည်ထောင်လာခဲ့သည်မှာ ယနေ့...
ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံ...
ချီးမြှောက်မှုတို့ဖြင့် အဟောင်းများ...
အသစ်များလည်း တိုးပွားနေလျက်ရှိ...
စေတီ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းက...
ရှိသည်ကို တွေ့မြင်နေရပါသည် ဘ...

ယခုအခါ ပြည်တွင်း ပြည်ပ...
ကြောင့် သံဃာငယ်များ (၎င်းတို့အ...
ဆိုသော်လည်း အမှန်တကယ် အ...
သည့် မြင်ကွင်းများကို ဒကာ၊ ဒကာ...
မှပင် စိတ်ဆင်းရဲသောက ရောက်ရပါ...
သော သံဃာတစ်စုကို တွေ့မြင်ပြီး...
စိတ်ဖြင့် ပြစ်မှားမိပါကလည်း ဒကာ...
အပြစ်ကြီးလေးလှပါသည် ဘုရား။

ယခု သံဃာငယ်များ ဆန္ဒပြ...
ယခင်က သံဃာတော်များနှင့် အ...

ကျောင်းထိုင် နာယကဆရာတော်ကြီးများ၊ တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်ကြီးများမှ မိမိတို့ တပည့်များ ပြောဆိုမရသဖြင့် စိတ်မကောင်း၊ ဝမ်းနည်းစွာဖြင့် ကြည့်နေကြရ

သံဃာထုနောက်မှ အယောင်ပြလိုက်နေကြသည့် အဖျက်သမားတစ်စုနှင့် ဒုစရိုက်သမားလူတစ်စုမှာ အနည်းငယ်မျှ ရုတ်ရုတ်သဲသဲဖြစ်သည်နှင့် လုယက်ရန် တာစူနေသည်ကို ပြည်သူလူထု အကြောက်ဆုံးဖြစ်

RFA နှင့် DVB တို့၏ ပြောသောစကားများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်စေခဲ့ပါသည်ဘုရား၊ တပည့်တော်တို့ သိရှိရသလောက် ကျောင်းထိုင်နာယက ဆရာတော်ကြီးများ၊ တိုက်အုပ်/တိုက်ကြပ် ဆရာတော်ကြီးများက မိမိတို့တပည့်များ ပြောဆိုမရသဖြင့် စိတ်မကောင်း၊ ဝမ်းနည်းစွာဖြင့် ကြည့်နေကြရသည့်အဖြစ်ကို ရောက်ရှိခဲ့ရပါသည် ဘုရား။

ထို့ထက်ဆိုးရွားသည်မှာ ၎င်းတို့သပ်လျှိုသွေးခွဲပြီးသည့်နောက် ကျောင်းတိုက်ကြီးများအတွင်း တပည့်နှင့်ဆရာ မယုံကြည် စိုးရွံ့နေသကဲ့သို့ သံဃာအချင်းချင်းလည်း သူ့လူကိုယ့်လူ ပုံစံမျိုးဖြင့် တစ်ပါးကို တစ်ပါး သံသယစိတ်အကြည့်ဖြင့် ကြည့်နေကြကာ စိတ်မချမ်းမြေ့စရာအဖြစ်မျိုးနှင့် ရင်ဆိုင်နေရပါသည်ဘုရား။

ဤကိစ္စမျိုး မဖြစ်ပေါ်စဉ်အခါက ဆရာဖြစ်သည့် ရဟန်းတော်များ၊ ဒကာဖြစ်သည့် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် သာသနာတော်ကြီးကို စိတ်ချမ်းမြေ့စွာဖြင့် စိတ်တူကိုယ်တူ ပြုစုစောင့်ရှောက်တည်ထောင်လာခဲ့သည်မှာ ယနေ့ မြန်မာနိုင်ငံအတွင်းတွင် ၁၉၈၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရ၏ သာသနာတော်ကို ချီးမြှောက်မှုတို့ဖြင့် အဟောင်းများမှ အသစ်ဖြစ်လာသည်များအပြင် အသစ်များလည်း တိုးပွားနေလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးတွင် ဘုရား၊ စေတီ၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်များ အများအပြား တိုးပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည် ဘုရား။

ယခုအခါ ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ သွေးထိုးမှုကြောင့် သံဃာငယ်များ (၎င်းတို့အဆို မေတ္တာပို့ ပရိတ်ရွတ်သည်) ဆိုသော်လည်း အမှန်တကယ် အစစ်အမှန်မှာ ဆန့်ကျင်ဆန္ဒပြနေသည့် မြင်ကွင်းများကို ဒကာ၊ ဒကာမများ တွေ့မြင်ရသည်မှာ လွန်စွာမှပင် စိတ်ဆင်းရဲသောက ရောက်ရပါသည်ဘုရား။ စီတန်းလမ်းလျှောက်သော သံဃာတစ်စုကို တွေ့မြင်ပြီး သံဃာထုအပေါ် အရိုအသေတန်စိတ်ဖြင့် ပြစ်မှားမိပါကလည်း ဒကာ၊ ဒကာမများအတွက် လွန်စွာမှပင် အပြစ်ကြီးလေးလှပါသည် ဘုရား။

ယခု သံဃာငယ်များ ဆန္ဒပြမှုပြုလုပ်ပြီးသည့် နောက်ပိုင်းတွင် ယခင်က သံဃာတော်များနှင့် အကျွမ်းတဝင် ကြည်ညိုရင်းရှိသည့် ဒကာများသည်ပင်လျှင် ကျောင်းတိုက်များသို့သွားရန် ရွံ့ကြောက်နေပါသည်ဘုရား။ မိမိတို့ကိုးကွယ်သည့် သံဃာများအား ဒကာများက ကြောက်ရွံ့နေသည်ဆိုလျှင် မိမိတို့ သံဃာတော်အတွက် အနုတ်လက္ခဏာ ဖြစ်နေပါသည်ဘုရား။ ဗမာပြည်ကွန်မြူနစ် မြေအောက်ယူဂျီများ၊ ABSDF နှင့် အခြားအကြမ်းဖက် သောင်းကျန်းသူ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဒကာအရင်း၏ စီးပွားဥစ္စာပျက်အောင် ထိုဒကာကိုးကွယ်သည့် ကျောင်းမှပင် ဖျက်ဆီးခဲ့သည့် အဖြစ်မျိုးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဆရာ၊ ဒကာ တစ်ဦးကိုတစ်ဦး မယုံသင်္ကာစိတ်ဖြင့် စိုးထိတ်နေကြရသည်အထိ မြေအောက်ကွန်မြူနစ်များက လုပ်ဆောင်နိုင်ခဲ့ကြပါသည် ဘုရား။

တပည့်တော်တို့ မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် အချက်တစ်ခုတွင် ဗုဒ္ဓ၏ဒေသနာတော်များကို စစ်စစ်မှန်မှန် ပြည့်ပြည့်ဝဝ လိုက်နာကြသည့် ရဟန်း သံဃာ၊ ကပ္ပိယ၊ ဒကာ၊ ဒကာမတို့၏ ဗုဒ္ဓတရားတော်များအပေါ် ကြည်ညိုကျင့်သုံး လိုက်နာဆောင်ရွက်မှုကြောင့် ထေရဝါဒဗုဒ္ဓနိုင်ငံစစ်စစ်အဖြစ် ကမ္ဘာတွင် ထင်ရှားနေခြင်း ဖြစ်ပါသည် ဘုရား။

ထိုကဲ့သို့ **ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်းကပင် အထင်ကြီးခဲ့ကြသည့် မြန်မာဘုန်းတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသည့် စရဏအကျင့်အကြံ အစစ်အမှန်ကို မသိကြသည့် အခြားနိုင်ငံမှ ပုဂ္ဂိုလ်များသည် ယနေ့စီတန်းလမ်းလျှောက်ပြနေသော သံဃာငယ်များ၏ရှုခင်းကို ကိုယ်တိုင်မြင်တွေ့သွားပါက ၎င်းကို အကြောင်းပြု၍ ဗုဒ္ဓဘာသာအပေါ်လည်း အထင်သေးသွားနိုင်ပါသည် ဘုရား။**

ထို့အပြင် ယင်းကဲ့သို့ စီတန်းလမ်းလျှောက်သည့် ပုံများအား ၎င်းအဖျက်သမားတို့၏ သတင်းမီဒီယာများမှ ရိုက်ကူးထုတ်လွှင့်ပြသသည်မှာ မြန်မာနိုင်ငံတွင် မငြိမ်မသက်၊ ဆူပူလှုပ်ရှားနေသယောင် လုပ်ကြံဖန်တီးချင်သည်ကတစ်ကြောင်း ဖြစ်သည့်အပြင် အခြားတစ်ဖက်တွင် မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များအပေါ် အလံကိုင် စီတန်းလမ်းလျှောက်နေသည့် မြင်ကွင်းကိုကြည့်ပြီး သံဃာ့ဂုဏ်ကို မှေးမှိန်စေရန် တမင်ဖန်တီးသည်လည်း ဖြစ်နိုင်ပါသည် ဘုရား။

အဖျက်သမားများက စွမ်းအင်လောင်စာဆီ ဈေးကြီးသည်၊ ကုန်ဈေးနှုန်းကြီးမားသည်၊ ပြည်သူလူထုကျပ်တည်းသည် ဆိုသည့် အချက်များကို အကြောင်းပြတောင်းဆိုသည် ဆိုသော်လည်းပဲ ထိုလောင်စာဆီဈေး ကြီးမြင့်မှုသည် အခိုက်အတန့်၊ အခက်အခဲ အနည်းငယ်ရှိနိုင်သော်လည်း ပြည်သူလူထု ကျပ်တည်းစိုးရိမ်ထိတ်လန့်လောက်အောင် မဖြစ်နိုင်ခဲ့ပါ ဘုရား။

ပြည်သူလူထုက လက်တွေ့အမှန်တကယ် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေသည်မှာ ၁၉၈၈ နှစ်ကကဲ့သို့ ကျီးလန့်စာစား၊ မငြိမ်မသက်၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကင်းမဲ့သည့် ဥပဒေမဲ့ တရားလက်လွတ် အဖြစ်အပျက်မျိုးကိုသာ အမှန်တကယ် စိုးရိမ်ထိတ်လန့်နေကြခြင်းဖြစ်ပါသည် ဘုရား။

အချို့ဆန္ဒပြမှုရှိနေသော မြို့/ရပ်ကွက် ဒေသရပ်ဝန်းများသည်ပင်လျှင် အသွားအလာ၊ အရောင်းအဝယ်များ လျော့နည်းချို့ယွင်း ပျက်ကွက်နေသဖြင့် လူထုမှာ အမှန်တကယ် စိတ်ပျက်လျက်ရှိပါသည်။ ထို့ထက် လူထုစိုးရိမ်သည်မှာ သံဃာထုနောက်မှ အယောင်ပြလိုက်နေကြသည့် အဖျက်သမားတစ်စုနှင့် မသမာမှုများကိုပြုလုပ်ရန် ဝန်မလေးသည့် ဒုစရိုက်သမား လူတစ်စုမှာ အနည်းငယ်မျှ ရုတ်ရုတ်သဲသဲဖြစ်သည်နှင့် လုယက်ရန် တာစူနေသည်ကို ပြည်သူလူထုက အကြောက်ဆုံးဖြစ်နေသဖြင့် လမ်းတစ်လျှောက်ရှိ ဆိုင်ကြီး၊ ဆိုင်ငယ်များ ပိတ်ထားသည်ကို တွေ့မြင်ရပါသည် ဘုရား။

မိမိတို့ဒေသအလိုက် တာဝန်ရှိသူတို့အနေဖြင့်လည်း မသမာသူလူတစ်စု၏မြှောက်ထိုးမှုကြောင့် သွေးဆူနေသော သံဃာငယ်ထုအား တားဆီးရန် ဝန်လေးနေကြသကဲ့သို့ တစ်ဖက်မှာလည်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးရန် တာဝန်ရှိနေသောကြောင့် ဤပြဿနာမျိုးကို အကောင်းဆုံးသောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် စိတ်ပင်ပန်း၊ လူပင်ပန်းစွာဖြင့် ကြိုးပမ်းအားထုတ် နေရပါသည် ဘုရား။

တာဝန်ရှိသူများအနေဖြင့် အခြေအနေအရပ်ရပ်ကို အမှားအယွင်းနည်းနိုင်သမျှ နည်းအောင် တွေးတောကြံဆလုပ်ကိုင်နေကြရသော်လည်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားတစ်စုကတော့ ရဟန်းသံဃာငယ်များအား ဥပဒေချိုးဖောက်ကျူးလွန်အောင် ဓားစာခံအဖြစ်ဖြင့် တွန်းထိုးစေလွှတ်နေပါသည် ဘုရား။

တာဝန်ရှိသူများအနေဖြင့်လည်း အဖျက်သမားများဖြစ်စေချင်သည့် ဖြစ်ရပ်များ မဖြစ်ပေါ်စေရန် အတတ်နိုင်ဆုံးနှင့် အညင်သာဆုံးဆောင်ရွက်၍ ပြည်သူလူထုကိုလည်း တစ်ဖက်မှ အကာအကွယ်ပေးနေရပါသည် ဘုရား။

ယခုသံဃာငယ်များ လမ်းမပေါ်ထွက်၍ စီတန်းလမ်းလျှောက်စေရန် ကြိုးကိုင်လုပ်ဆောင်နေသည့် ပုဂ္ဂိုလ်မှာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ၌ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသော ရဟန်းပျိုအဖွဲ့

> **ဗုဒ္ဓဘာသာနိုင်ငံ အချင်းချင်းကပင် အထင်ကြီးခဲ့ကြသည့် မြန်မာဘုန်းတော်ကြီးများ၏ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသည့် စရဏအကျင့်အကြံ အစစ်အမှန်ကို မသိကြသည့် အခြားနိုင်ငံမှ ပုဂ္ဂိုလ်များသည် ယနေ့ စီတန်းလမ်းလျှောက်ပြနေသော သံဃာငယ်များ၏ရှုခင်းကို ကိုယ်တိုင်မြင်တွေ့သွားပါက ၎င်းကို အကြောင်းပြု၍ ဗုဒ္ဓဘာသာအပေါ်လည်း အထင်သေးသွားနိုင်။**

ဥက္ကဋ္ဌဆိုသူ ဦးခေမာစာရဖြစ်ပါသည် ဘုရား။ ထိုပုဂ္ဂိုလ်မှ တယ်လီဖုန်းဖြင့် တိုက်ရိုက်ညွှန်ကြားရာတွင် ယခု နိုင်ငံတော်အစိုးရအား ဆန့်ကျင်သည့်အဖွဲ့များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရန်နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် လက်ရှိတရားဝင်ဖွဲ့စည်းထားသော သံဃာ့အဖွဲ့ အစည်းအား ပျက်စီးစေရန်ရည်ရွယ်၍ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံတော် သံဃနာယကအဖွဲ့အစည်းများကို ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်ခြင်း၊ အဖွဲ့အစည်းအား ပြစ်မှားပြောဆိုခြင်း၊ နေရာတိုင်းတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌများ၏ အမိန့်ကို မနာခံဘဲ ဆန့်ကျင်ဖီဆန်ရန် စနစ်တကျစီမံလုပ်ဆောင်ခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး ၎င်းတို့အလိုကျ နိုင်ငံရေးလှုပ်ရှားမှုများကို သံဃာ့ကိစ္စအသွင်သဏ္ဌာန် စီမံဖန်တီး လုပ်ဆောင်လျက်ရှိပါသည် ဘုရား။ ၎င်းအပြင် အနောက်အုပ်စုမှ ဆရာကြီးဆိုသူများမှလည်း ပြည်တွင်းရှိ ဆန့်ကျင်ဘက်အုပ်စုများအား တိုက်ရိုက်တယ်လီဖုန်းဖြင့် အမိန့်ပေး၍သော်လည်းကောင်း၊ BBC၊ VOA၊ RFA နှင့် DVB တို့မှ အမေးအဖြေပြုလုပ်သောနည်း၊ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သော နည်းများဖြင့်လည်း မြန်မာပြည်ကြီး မငြိမ်မသက်၊ ဆူပူအုံကြွအောင် ကြိုးစားအားထုတ်လျက်ရှိပါသည် ဘုရား။

မြန်မာနိုင်ငံအား စီးပွားရေးကျဆင်းစေရန်အတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသော စက်ရုံအလုပ်ရုံများကို ပိတ်ပစ်ပြီး အလုပ်လက်မဲ့များဖြစ်အောင် ၎င်းတို့ပင် ကြံဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံကို ကူညီပံ့ပိုးမည့် ကိစ္စမှန်သမျှကိုလည်း စီးပွားရေးပိတ်ဆို့မှုများအပါအဝင် နည်းမျိုးစုံဖြင့် ဖြောင်ကျကျ ပြုလုပ်လျက်ရှိပြီး အနည်းငယ်သော စီးပွားရေးမတည်မငြိမ် အခက်အခဲရှိသည့်အခါတွင်မူ ၎င်းတို့လုပ်ဆောင်ချက်မပါဘဲ နိုင်ငံတော်အစိုးရကိုသာ အပြစ်ပုံချလျက်ရှိသည်ကို ပြည်သူလူထုအနေဖြင့်လည်း သိရှိနေပြီး ဖြစ်ပါသည် ဘုရား။

ထိုကဲ့သို့ ပြည်တွင်း၊ ပြည်ပ အဖျက်ပယောဂများကြောင့် သာသနာတော် ညှိုးနွမ်းမည့်အန္တရာယ်မှာ တစ်နေ့တခြားနီးကပ်လာလျက်ရှိပါသည် အရှင်ဘုရား။ သို့ပါ၍ သာသနာတော်ကို စောင့်ရှောက်လျက်ရှိကြကုန်သော ဆရာတော်အရှင်သူမြတ်များက အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို မျှော်ကိုးလျက် လမ်းညွှန်ဩဝါဒ မိန့်ကြားပေးတော်မူပါရန် ဘုရားတပည့်တော် ရိုသေစွာလျှောက်ထားအပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

(သတင်းစဉ်)

...ရပ်ကွက် ဒေသရပ်ဝန်းများသည်ပင်လျှင်
...များ လျော့နည်းချို့ယွင်း ပျက်ကွက်နေ
...စိတ်ပျက်လျက်ရှိ။
...ပေါ်ထွက်၍ စီတန်းလမ်းလျှောက်စေရန်
...ဂ္ဂိုလ်မှာ ၁၉၈၈ ခုနှစ် အရေးအခင်း
...တိမ်းရှောင်သွားသော ရဟန်းပျိုအဖွဲ့

ဂျပန်ဝန်ကြီးချုပ်အဖြစ် ဖူကူဒါအား ရွေးချယ်မည်

တိုကျို စက်တင်ဘာ ၂၃

ဂျပန် အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)သည် ဥပဒေပြုအမတ် ယာဆူအိုဖူကူဒါအား ဝန်ကြီးချုပ်အဖြစ် ရှင်ဇိုအာဘေး၏ နေရာကို ဆက်ခံရန် ရွေးချယ်တော့မည်ဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

သဘောတူညီမှု

အယ်လ်ဒီပီပါတီ၏ အဓိက အုပ်စုကွဲများမှ ခေါင်းဆောင်များသည် ဝန်ကြီးချုပ် ရာထူးနေရာအတွက် ဖူကူဒါအား ရွေးချယ်ရန် သဘောတူညီမှု ရရှိပြီဖြစ်သည်။

ရှင်ဇိုအာဘေးသည်စက်တင်ဘာ၁၂ရက်က ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဂျပန်နိုင်ငံတွင် နိုင်ငံရေး အရှုပ်တော်ပုံများ ပေါ်ပေါက်ခဲ့ခြင်းနှင့် အထက်လွှတ်တော် ရွေးကောက်ပွဲတွင် အယ်လ်ဒီပီပါတီ အရေးမလှဖြစ်ခဲ့ရပြီးနောက် ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ရင်ဆိုင်ရမည်

ဂျပန်အထက်လွှတ်တော်ကို အတိုက်အခံ ပါတီများက ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ရာ လာမည့် ဝန်ကြီးချုပ်မှာ နှစ်ဖက်အားပြိုင်နေသည့် ပါလီမန်နှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

ဝန်ကြီးအဖွဲ့ အတွင်းဝန်ဟောင်း ဖူကူဒါသည် ပါတီ ရွေးကောက်ပွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဟောင်း တာရိုအာဆိုထက် ထောက်ခံမဲ အသာရရှိနိုင်သည်ဟု ကျိုဒို သတင်းဌာနက စနေနေ့တွင် ထုတ်ပြန်သည့် စစ်တမ်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ အင်တာနက်ကဖီးတစ်ခုတွင် ကွန်ပျူတာ အသုံးပြုနေသူများကို စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးဒေသအချို့တွင် အိုဇုန်းဓာတ်လွှန်ကဲ

ဂျေရုဆလင် စက်တင်ဘာ ၂၃

အစ္စရေးနိုင်ငံရှိ ဒေသအချို့တွင် အိုဇုန်းဓာတ်လွှန်ကဲမှုဖြစ်ပေါ်နေသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း ဟားရတ်ဇ်သတင်းစာက စက်တင်ဘာ ၂၂ရက်တွင် ရေးသားဖော်ပြသည်။

အိုဇုန်းဓာတ်လွှန်ကဲမှု၏ ဆိုးကျိုးသက်ရောက်မှုကို တွေ့ကြုံရနိုင်သည့် ဒေသမှာ အနောက်ဘက်ကမ်းရှိ ရပ်ဟူဒီ အခြေစိုက် နေထိုင်ရာ ရပ်ကွက်များ ဖြစ်သည်။ ဂျေရုဆလင်မြို့ တောင်ဘက်ရှိ ယင်းဒေသတွင် အိုဇုန်းဓာတ်လွှန်ကဲမှုကြောင့် ပြည်သူများ၏ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပြောကြားသည်။

ဂျေရုဆလင်၊ တဲလ်အဗစ်၊ ဘီယာရှီဗား၊ မိုဒီယင်နှင့် ကာမီယယ်လ်စသည့် အစ္စရေးမြို့များတွင် လွန်ခဲ့သည့် နှစ်အတွင်း အိုဇုန်းဓာတ် လွှန်ကဲသည့် နေ့ရက်ပေါင်း ၄၅ရက်မှ ၁၄၀အထိ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

မြေပြင်နှင့်အလွန်နီးကပ်သော နေရာတွင် အိုဇုန်းလွှာ လွန်လွန်ကဲကဲ တည်ရှိခြင်းဖြင့် ပြည်သူများ၏ အသက်ရှူလမ်းကြောင်းနှင့် နှလုံးတို့ကို ထိခိုက်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

ပြည်သူများသည်တစ်ကုဗမီတာလျှင် အိုဇုန်း ၁၀၀မိုက်ကရိုဂရမ်ကျော်ပါဝင်သည့် လေထုနှင့် ရှစ်နာရီကျော်ထိတွေ့ခြင်းဖြင့် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

ယူဂန္ဓာနိုင်ငံမြောက်ပိုင်း ဆိုရော်တီမြို့တွင် မိုးသည်းထန်မှုကြောင့် ရေကြီးနေသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယူရိုဖိုက်တာ တိုက်လေယာဉ်များ ဆော်ဒီအာရေဗျ ဝယ်ယူမည်

ရီယာ့ဒ် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံသည် ဗြိတိန်နိုင်ငံလုပ် ယူရိုဖိုက်တာတိုက်ဖွန်း အမျိုးအစား ဂျက်လေယာဉ်များ ဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် မီဒီယာ သတင်းတွင် ဖော်ပြသည်။

ယူရိုဖိုက်တာ ဂျက်တိုက်လေယာဉ် ၇၂စင်းဝယ်ယူမည့် သဘောတူညီချက်ကို ဆော်ဒီအာရေဗျနှင့် ဗြိတိန်အစိုးရအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုက်လေယာဉ် ဝယ်ယူရေး ကန်ထရိုက် စာချုပ်မှာ ပေါင်စတာလင်သန်းပေါင်း ၄၄၃၀ တန်ဖိုးရှိကြောင်း ဆော်ဒီအာရေဗျက ထုတ်ပြန်သည့် ကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တိုက်လေယာဉ်များကိုသာမက တွဲဖက်အသုံးပြုရမည့် လက်နက်စနစ်များနှင့် ကာလရှည် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတို့အတွက်လည်း ငွေကြေးသုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စုစုပေါင်း ပေါင်ငွေ ၂၀ဘီလီယံအထိ ကျခံသုံးစွဲရလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆော်ဒီအာရေဗျနိုင်ငံပိုင်သတင်းဌာနဖြစ်သည့် အက်စ်ပီအေက သတင်းထုတ်ပြန်သည်။

ယူရိုဖိုက်တာတိုက်လေယာဉ်များမှာ BAE System ကုမ္ပဏီက ထုတ်လုပ်သည့် နောက်ဆုံးပေါ် စစ်လေယာဉ်များဖြစ်သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် ပဏာမသဘောတူညီချက်အရ ဗြိတိန်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံသို့ နည်းပညာလွှဲပြောင်း ပေးခွင့်ရှိသည်။

အင်တာနက်။

တောမီးလောင်ကျွမ်းမှုများ တရုတ်၌ တားဆီးကာကွယ်မည်

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများမှ တားဆီးကာကွယ်နိုင်ရန် အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စက်တင်ဘာ ၂၃ ရက် မီဒီယာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာကြီးပူနွေးလာသည့် ပြဿနာနှင့်အတူ ကမ္ဘာတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားခဲ့သည်။ တရုတ်နိုင်ငံတွင် ယခုနှစ်ပထမ ခုနစ်လတာ ကာလအတွင်း ပျမ်းမျှအပူချိန်မှာ ပုံမှန်နှစ်များကထက် ၁ ဒသမ ၄ဒီဂရီစင်တီဂရိတ် ပိုမိုများပြားကြောင်း၊ ယင်းမှာ စံချိန်တင်အပူချိန်ဟုလည်း ဆိုနိုင်ကြောင်း၊ အပူချိန်မြင့်တက်လာခြင်းနှင့်အတူ ပွင့်လင်းရာသီတွင် တောမီးလောင်ကျွမ်းမှု ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း နိုင်ငံတော် သစ်တောဌာနက ပြောကြားသည်။

တောမီးထိန်းချုပ်ရေးအစီအစဉ်များဖြင့် တောမီးငြိမ်းသတ်ရေးစွမ်းပကားမြှင့်တင်ရေးအစီအစဉ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် တရုတ်အစိုးရက ညွှန်ကြားထားကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

နီပေါအလယ်ပိုင်း၌ ဝမ်းလျှောရောဂါဖြစ်ပွား

ခတ္တမန္ဒူ စက်တင်ဘာ ၂၃

နီပေါနိုင်ငံအလယ်ပိုင်း၌ ကြာသပတေးနေ့ ညနေပိုင်းမှစ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသဖြင့် သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သောကြာနေ့တွင် ဖော်ပြသည်။

ခတ္တမန္ဒူမြို့၏ တောင်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ဆာလာဟီခရိုင်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူများတွင် ရှစ်နှစ်အရွယ်ကလေးတစ်ဦးလည်း ပါဝင်ကြောင်း၊ ဆေးဝါးမပြည့်စုံမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဓာတ်ခွဲခန်းတွင် လူသားမျိုးဥနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသည်ကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရားမဝင်လက်နက်များဖျက်ဆီးသည့်အခမ်းအနား ကမ္ဘောဒီးယား၌ ကျင်းပမည်

ဖနောင်ပင် စက်တင်ဘာ ၂၃

ဂျပန်နိုင်ငံမှ လက်နက်ဖျက်သိမ်းရေးအဖွဲ့တစ်ဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံဘက်တမ်ဘန်းပြည်နယ်နှင့် အခြားသော ဒေသများမှ အပ်နှံထားသည့် တရားမဝင်လက်နက်များကို အခမ်းအနားတစ်ရပ်ဖြင့် ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်အရ တရားမဝင် ကိုင်ဆောင်ထားသည့် လက်နက်များကို သိမ်းယူခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံရောက် ဂျပန်အဖွဲ့တစ်ဖွဲ့သည် လက်နက်ငယ်များကို ပြန်လည်သိမ်းယူခဲ့ပြီးနောက် ယင်းလက်နက်များကို ဖျက်ဆီးပစ်မည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် တရားမဝင် လက်နက်များအား ဖျက်ဆီးသည့် အခမ်းအနားကို ကျင်းပလာခဲ့သည်မှာ (၁၂)ကြိမ်ရှိတော့မည်ဖြစ်သည်။ ယခုကျင်းပသည့် အခမ်းအနားသည် နောက်ဆုံးအကြိမ် လက်နက်ဖျက်ဆီးခြင်းလည်း ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်များတွင် တရားမဝင် လက်နက်ပိုင်ဆိုင်မှု မရှိစေရန် ဂျပန်အစိုးရက ကမ္ဘောဒီးယားအစိုးရကို အကူအညီပေးလျက်ရှိသည်။ တရားမဝင် ကိုင်ဆောင်သည့် လက်နက်များ ပြန်လည်သိမ်းယူရေး အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ချိန်မှစ၍ ယခုအချိန်အထိ လက်နက်ငယ်ပေါင်း ၂၈၆၀၂ လက်ကို သိမ်းဆည်းနိုင်ခဲ့သည်။ ***အင်တာနက်။***

ဘဂ္ဂဒက်တောင်ပိုင်း၌ စီးနင်းတိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ အစ်ကန်ဒရီရပ်မြို့တွင် စက်တင်ဘာ ၂၂ ရက်က အာမက်တော်ဖစ်အဒူကဇမ်၏နေအိမ်ကို အမေရိကန်တပ်ဖွဲ့များ စီးနင်းတိုက်ခိုက်ရာ ကဇမ်၏ ညော်သည် ခုနစ်ဦး သေဆုံးကြောင်း ဆင်ဟွာသတင်းဌာနကပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များသည် အခြား ၁၂ ဦးကို ထိန်းသိမ်းထားပြီး ကဇမ်၏ နေအိမ်လည်း ပျက်စီးသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဓာတ်မြေသြဇာတင်သွင်းမှု ဗီယက်နမ်မြင့်တင်

ဟန်နွိုင်း စက်တင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမရှစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၅၄၈သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၂ဒသမ ၃ သန်းခန့်ကို ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီလမှ သြဂုတ်လအထိ ကာလအတွင်း ဓာတ်မြေသြဇာတင်သွင်းမှုကို ၇ဒသမ ၆ ရာခိုင်နှုန်း မြှင့်တင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်၊ အင်ဒိုနီးရှား၊ ရုရှားနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဓာတ်မြေသြဇာ ဝယ်ယူတင်သွင်းခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် ဓာတ်မြေသြဇာဝယ်လိုအားမှာ တန်ချိန် ၇ဒသမ ၉ သန်းရှိမည်ဟု ခန့်မှန်းရကြောင်း၊ ပြည်တွင်းတွင် ဓာတ်မြေသြဇာရောင်းလိုအားမှာ တန်ချိန် ၄ဒသမ ၇ သန်းရှိမည်ဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်နိုင်ငံ တီဟီရန်မြို့၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည့် ၁၉၈၀-၈၈ခုနှစ် အီရန်-အီရတ်စစ်ပွဲ အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတ မာမွတ်အာမက်ဒိနီရတ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါရေဘေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ ဝေငှ

ခတ္တမန္ဒူ စက်တင်ဘာ ၂၃

နီပေါနိုင်ငံတွင် ရေလွှမ်းမိုးခြင်း၊ တောင်ပြိုခြင်းနှင့် ရင်ဆိုင်နေရသော ဒုက္ခသည်များကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ)မှတစ်ဆင့် ကြက်ခြေနီအဖွဲ့က နီပေါရူပီ သန်း၂၀ (အမေရိကန် ဒေါ်လာ ၃၀၇၆၉၂) တန်ဖိုးရှိ အစားအစာ၊ ကယ်ဆယ်ရေး ပစ္စည်းများ ဝေငှပေးကြောင်း စက်တင်ဘာ ၂၂ရက်တွင် ပြည်တွင်း သတင်းဌာနက ဖော်ပြသည်။

နီပေါနိုင်ငံ၏ အဓိက ခရိုင် ၃၀မှ မိသားစု ၅၇၅၈ခန့်သည် ရေဘေးဒဏ်ကို တစ်လကျော် ရင်ဆိုင်ခဲ့ရကြောင်း၊ nepalnews.com ဝက်ဘ်ဆိုက် ဖော်ပြချက်အရ ဒဗလျူအက်ဖ်ပီကို ကြက်ခြေနီအဖွဲ့က အကြောင်းကြားခဲ့သည်။

ဆန်၊ ဆီ၊ ပဲနှင့်ဆားများကို ရေဘေးဒဏ်ခံရသော မိသားစုများအား ဝေငှပေးမှုကြောင့် အစာရေစာ ပြတ်သူ တစ်ယောက်မျှ မရှိကြောင်း ကြက်ခြေနီ လုပ်ငန်း အကြီးအကဲ ဒီဇက်မစ်ရှလာက ပြောကြားသည်။ ဆန်ကီလိုဂရမ် ၄၀၂၀၀၀၊ ပဲကီလိုဂရမ် ၅၉၀၀၀၊ ဟင်းသီးဟင်းရွက် ဆီကီလိုဂရမ် ၂၄၅၀၀နှင့် ဆားကီလိုဂရမ် ၇၄၀၀ ကို ကယ်ဆယ်ရေး ပစ္စည်းအစီအစဉ်ဖြင့် ဝေငှပေးမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးပစ္စည်းဝေငှမှုကို ငါးရက်အတွင်း စတင်မည် ဖြစ်ကြောင်း ကြက်ခြေနီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်နှစ်ဦး အီရတ်တွင် သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

အီရတ်နိုင်ငံအရှေ့ပိုင်းရှိ စစ်သွေးကြွများ ကြီးစိုးသည့် ဒီယာလာပြည်နယ်တွင် စက်တင်ဘာ ၂၂ရက်က ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်တပ်ကပြောကြားသည်။

စက်တင်ဘာ ၂၂ရက်က အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန် စစ်တပ်က ပြောကြားပြီး ဖြစ်စဉ်အသေးစိတ်ကို ပြောကြားခြင်း မရှိပေ။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်ဆိပ်ကမ်းရှိ ရေထွက်ပစ္စည်း ပြုပြင်သန့်စင်ရေးစက်ရုံ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီး ဆော်ပေါ်လိုလေဆိပ် ခရီးစဉ်အရေအတွက်ကို ကန့်သတ်မည်

ဘရာစီလီယာ စက်တင်ဘာ ၂၃

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုလေဆိပ်နှင့် သက်ဆိုင်နေသော လေကြောင်းခရီးစဉ် အရေအတွက်ကို ကန့်သတ်သွားရန် အမျိုးသားမြို့ပြလေကြောင်း အေဂျင်စီကအစိုးရထံ တင်ပြထားကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စီစဉ်

ဆော်ပေါ်လိုလေဆိပ်တွင် ဇူလိုင်လက လူပေါင်း ၁၉၉ ဦးသေဆုံးခဲ့ရသည့် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် ယင်းလေဆိပ်တွင် လေကြောင်းခရီးစဉ် အရေအတွက်ကို လျှော့ချရန် စီစဉ်ခြင်းဖြစ်သည်။

ဆော်ပေါ်လိုလေဆိပ်တွင် ဇူလိုင် ၁၇ရက်က တီအေအမ် လေကြောင်းဌာနပိုင် ခရီးသည်တင် လေယာဉ် မည်သည့် အကြောင်းကြောင့်ပျက်ကျခဲ့ရသည်ကို မသိရသေးပေ။ သို့ရာတွင် ယင်းလေဆိပ်၌ လေယာဉ်အဝင်အထွက် အလွန်များပြားခြင်းကြောင့် လေယာဉ်ပျက်ကျမှု ဖြစ်ပွားရသည်ဟု ကျွမ်းကျင်သူပညာရှင်များက ယူဆကြသည်။

ဆော်ပေါ်လိုလေဆိပ်တွင် တစ်နာရီလျှင် လေကြောင်းခရီးစဉ် ၃၃ ခုသာ ခွင့်ပြုပေးရန် မြို့ပြလေကြောင်း အေဂျင်စီက အဆိုပြုထားသည်။ လေကြောင်းခရီးစဉ် အရေအတွက်ကို လျှော့ချပေးခြင်းဖြင့် ခရီးသည်ဦးရေကို လက်ရှိ တစ်နာရီလျှင် ၅၁၀၀ မှ ၄၇၀၀ အထိ လျှော့ချနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

သိုးမွေးတင်သွင်းမှု တရုတ်နိုင်ငံ မြှင့်တင်

ပေကျင်း စက်တင်ဘာ ၂၃

တရုတ်နိုင်ငံသည် ယခုနှစ် ပထမခုနစ်လတာတွင် သိုးမွေးတန် ၂၀၂၀၀၀ တင်သွင်းခဲ့ကြောင်း၊ ယမန်နှစ် အလားတူ ကာလကထက် ၂၆ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အကောက်ခွန်ဌာနက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

တင်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၃ ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆၁ ရာခိုင်နှုန်း မြင့်တက်လာသည်။

သြစတြေးလျနိုင်ငံမှ သိုးမွေးတင်သွင်းမှု တန်ချိန်မှာ စုစုပေါင်း ၁၂၈၀၀၀ ရှိပြီး ၆၃ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုလာသည်။ ဥရောပသမဂ္ဂမှ တင်သွင်းမှုမှာ တန် ၁၄၀၀၀ ရှိပြီး ၉၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာရူနာ ခရိုင်၌ မုန်တိုင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားအလယ်ပိုင်းတွင် ပျောက်ဆုံးသွားသော ရဟတ်ယာဉ်ကိုတွေ့ရှိ

မော်စကို စက်တင်ဘာ ၂၃

ရုရှားနိုင်ငံ အလယ်ပိုင်းတွင် ယခုလအစောပိုင်းက ပျောက်ဆုံးသွားခဲ့သော ရဟတ်ယာဉ်တစ်စင်းပေါ်တွင် လူခြောက်ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း ကယ်ဆယ်ရေး လုပ်သားများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနများက ယနေ့ သတင်းထုတ်ပြန်သည်။

ပျောက်ဆုံးသွားခဲ့သည့် ရဟတ်ယာဉ်ကို ခန်မေတောင်အနီးတွင် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေတွေ့ရှိခဲ့သည်။ စက်တင်ဘာ ၉ ရက်က မော်စကို အခြေစိုက် သုတေသနဌာနတစ်ခုမှ နိုင်ငံအလယ်ပိုင်း ကိုမီဒေသသို့ ပျံသန်းလာစဉ် ခန်မေတောင် အနီးတွင် ပျက်ကျခဲ့ကြောင်း အရေးပေါ်လုပ်ငန်းများဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယတွင် တယ်လီဖုန်းအသုံးပြုသူ သန်း ၂၄၀ ရှိ

နယူးဒေလီ စက်တင်ဘာ ၂၃

အိန္ဒိယနိုင်ငံ၌ သြဂုတ်လကုန်တွင် တယ်လီဖုန်း ငှားရမ်းအသုံးပြုသူ သန်း ၂၄၀ ကျော်ရှိကြောင်း အိန္ဒိယနိုင်ငံ တယ်လီဖုန်း၊ ကြေးနန်းနှင့် ဆက်သွယ်ရေး ထိန်းသိမ်းရေးအဖွဲ့ (တီအာရ်အေအိုင်)က ပြောကြားသည်။ အခြေစိုက်စခန်းတစ်ခုတည်းမှ ကြိုးမဲ့ကြေးနန်းငှားရမ်းအသုံးပြုသူ သန်း ၂၀၀ ရှိကြောင်း တီအာရ်အေအိုင်က ပြောကြားသည်။ တီအာရ်အေအိုင်၏ အဆိုအရ ဇူလိုင်လတွင် အိန္ဒိယနိုင်ငံ၌ ရေဒီယို၊ တယ်လီဖုန်း၊ ကြေးနန်းနှင့် ရုပ်မြင်သံကြားဖမ်းစက် အသုံးပြုသူ ၂၃၂ ဒသမ ၈၇ သန်း ရှိသည်။

သြဂုတ်လတွင် အသစ်ငှားရမ်းအသုံးပြုသူ ၈ဒသမ ၃၁ သန်းခန့်သည် ကြိုးမဲ့ကြေးနန်းအပိုင်းကို တိုးချဲ့အသုံးပြုလာသည်။ အိန္ဒိယနိုင်ငံ ကျေးလက်ဒေသတွင် အသုံးပြုသူ ၃၉ ဒသမ ၇၃ သန်း သုံးစွဲလျက်ရှိရာ သြဂုတ်လကုန်တွင် သုညဒသမ ၁၆ သန်း ကျဆင်းခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ စက်ကိရိယာများ လှူဒါန်းပွဲနှင့် ကလေးဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေ လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အဆင့်မြင့် ဆေးရုံသုံးစက်ကိရိယာများ လှူဒါန်းပွဲနှင့် ကလေးဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက်တွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကု ဆေးရုံကြီးသို့ စက်ကိရိယာများ လှူဒါန်းပွဲနှင့် ကလေးဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၄၃၉၈၅၀၀ ကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဖေ်ာ လက်ခံရယူစဉ်။ (၃၀၇)

ထို့နောက် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဖေ်ာက အဆင့်မြင့် ဆေးရုံသုံး စက်ကိရိယာများ အသုံးပြုဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၄၃၉၈၅၀၀ကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဖေ်ာက လက်ခံသည်။

ယင်းနောက် မွန်ပြည်နယ် မော်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ငွေကျပ်သိန်း ၇၀၊ ဆန်ကုန်သည်များက ငွေကျပ်သိန်း ၈၀နှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လက်ခံကြသည်။

အဆင့်မြင့်ဆေးရုံသုံး စက်ကိရိယာများအတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် နှစ်ရာကိုးဆယ့်လေးသိန်း ရှစ်သောင်းရှစ်ထောင်ခြောက်ရာ ဖြစ်သည်။

ထို့နောက် ကလေးဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် မုဒုံမြို့ ကောင်းလွင်ရွှေဆိုင်မှ ကိုသက်နိုင်ဦး၊ မဌေးဌေးဝင်း မိသားစုနှင့် မော်လမြိုင်မြို့ ဇေရတ်ရွှေဆိုင်မှ မအေးအေးမော်၊ မခင်မြင့်မော်၊ ကိုဝင်းသန်း၊ မခိုင်ခိုင်ဝင်း မိသားစုတို့က ငွေကျပ် သိန်း ၁၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက လည်းကောင်း၊ အလှူရှင်များ၏ အလှူငွေများကို တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများက လည်းကောင်း လက်ခံကြသည်။

ကလေးဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သိန်းသုံးရာနှင့် ငါးသောင်း ဖြစ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး အဆင့်မြင့်ဆေးရုံသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S.Deora၊ အတွင်းဝန် H.E. Mr. M.S Srinivasan နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Bhaskar Kumar Mitra တို့ လာရောက်တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အိန္ဒိယရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးနှင့်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ONGC Videsh Ltd တို့၏ ရခိုင်ကမ်းလွန် ရေနက်လုပ်ကွက်အမှတ် AD-2,AD-3 & AD-9 တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract) လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S.Deora ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Murli S.Deora၊ အတွင်းဝန် H.E. Mr. M.S. Srinivasan နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့သည် ယင်းနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြပြီး စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်သယ်စုဆောင်း

ရခိုင်ပြည်နယ် ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မြတ်ဦးတို့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သည့် ဦးဥတ္တမလမ်းအား ကတ္တရာခင်းရန်အတွက် ကျောက်များ သယ်ယူစုဆောင်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e.National Task Force) ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ စက်တင်ဘာ ၁၉ရက်မှ ၂၂ရက်အထိ ကျင်းပခဲ့သည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ၂၀၀၇ခုနှစ် ဆက်သွယ်ရေးပြပွဲ (Vietnam Comm 07) သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦးလည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။

ဂန္ထဓုရ၊ ဝိပဿနာဓုရမှတစ်ပါး ယင်း ဓုရနှစ်ဖြာနှင့် မသက်ဆိုင်သော ဆောင်ရွက်မှုများ၊ အပြုအမူများ မလွန်ကျူးမိကြစေရန် ညွှန်ကြားလွှာအမှတ် (၈၁) (၈၃) (၈၅)နှင့် (၆၅)အတိုင်း လိုက်နာဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မိန့်ကြားသည့် ဩဝါဒအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့ကိုပြဋ္ဌာန်း၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းစေရန်၊ ထွန်းကားပြန့်ပွားစေရန်၊ အဓွန့်ရှည်ကြာတည်တံ့စေရန် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ကြရန်အတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ကြီးကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✻

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေး ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဩဝါဒစကားမိန့်ကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပ အဖျက်သမားတို့သည် ၎င်းတို့အတွက် အကျိုးရှိမည်ဆိုလျှင် ဘာသာ၊ သာသနာကိုပင် အလွတ်မပေး ကျောင်းသင်္ခမ်းများအတွင်း ပရိယတ္တိစာပေ အားထုတ်နေသော သံဃာငယ်များကိုပင် သွေးထိုးမြှောက်ပင့်၍ လမ်းပေါ်ဆွဲတင် လမ်းလျှောက်စေခဲ့ ၎င်းတို့ဖြစ်စေချင်၊ ပြောစေချင်သည့်ဆန္ဒကို သံဃာငယ်များအား ပြည်ပမီဒီယာများမှတစ်ဆင့် ညွှန်ကြားပြုလုပ်စေခြင်းသာဖြစ် ၁၉၈၈ ခုနှစ်ကကဲ့သို့ ကျီးလန့်စာစား၊ ဥပဒေမဲ့ တရားလက်လွတ် အဖြစ်အပျက်မျိုးကို ပြည်သူလူထုက စိုးရိမ်ထိတ်လန့်နေ

ရန်ကုန် စက်တင်ဘာ ၂၄

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လျှောက်ထားတင်ပြသည့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်—

မြန်မာနိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကို သိရှိနိုင်ရန် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အသိပေးလျှောက်ထားသည့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ

ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များဘုရား—

ဆရာတော်၊ သံဃာတော်ကြီးများအား ကျန်းကျန်းမာမာဖြင့် စုံညီစွာဖူးမြင်ပူဇော်ခွင့်ရပြီး ပူဇော်လျှောက်ထားခွင့်ရသဖြင့် ဝမ်းမြောက်ရပါသည်ဘုရား။

ဘုရားတပည့်တော်အား မြန်မာနိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အဖြစ်မှန်ကို ဆရာတော်ကြီးများ သိရှိနိုင်စေရန် လျှောက်ထားခွင့်ပြုတော်မူပါဘုရား။

ယခု လပိုင်း ရက်ပိုင်း ကာလများတွင် ပြည်တွင်း ပြည်ပရှိ အဖျက်အမှောင့် လုပ်ဆောင်နေကြသည့် မသမာသူလူတစ်စုက နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် စစ်တွေမြို့၌ သံဃာတော်အပါး ၁၄၀ ခန့်မှ ကုန်ဈေးနှုန်းကျဆင်းရေးဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ စတင်၍ ဆန္ဒပြခဲ့ပါသည်ဘုရား။

စက်တင်ဘာလ ၅ ရက်၊ ၆ ရက်နေ့များတွင်လည်း NLD နိုင်ငံရေး အစွန်းရောက်လူတစ်စုမှ ပခုက္ကူမြို့ရှိ ထင်ရှားကျော်ကြားသော ကျောင်းတိုက်ကြီးများသို့ ဝင်ရောက်ချဉ်းကပ် သွေးထိုးမှုများ ပြုလုပ်ခဲ့သဖြင့် ဒုတိယအကြိမ်မြောက် လမ်းလျှောက်ပရိတ်ရွတ်၊ မေတ္တာပို့သည်ဆိုသော အနုနည်း နိုင်ငံရေးလှုပ်ရှားမှုတို့ဖြင့် ပြည်ပအသံလွှင့်ဌာနများ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခဲ့ပါသည်ဘုရား။

ထိုအချိန်အခါမှစ၍ ရန်ကုန်၊ မန္တလေး၊ ဟသ်ာတ၊ မုံရွာစသည့် မြို့ကြီးများအပါအဝင် တိုင်းနှင့်ပြည်နယ် ခုနစ်နေရာလောက်တို့တွင် စဉ်ဆက်မပြတ် လမ်းလျှောက်ပရိတ်ရွတ် ဆန္ဒပြခြင်းများကို နိုင်ငံရေးအစွန်းရောက် NLD မှ ပုဂ္ဂိုလ်အချို့၊ ၈၈ မျိုးဆက်ဆိုသူများ၊ လက်ကျန်ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်ပအသံလွှင့်ဌာနတို့ စဉ်ဆက်မပြတ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည့် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင် ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာ ကိစ္စရပ်များလျှောက်ထားသည့် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကကျောင်းဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသ၊ အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲဝင် ဆရာတော် ၁၅ ပါးနှင့် အထူးဖိတ်ကြားထားသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် လေးပါးတို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●